BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၉၈) ခရစ်နှစ်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ | မြန်မာသက္ကရာဇ် (၁၃၇၀) | (၁၅-၁-၉၉) ရက်နေ့တွင် စတင်တည်ထောင်သည်။

## လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများ အဖွဲ့ဝင် (၃) ဦးအား နအဖအာဏာပိုင်တို့မှ ဖမ်းဆီးခဲ့

ဩဂုတ်လ (၁၁) ရက်။

ရန်ကုန်အခြေစိုက် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ (HRDP) မှ ဦးမြင့်အေးအပါအဝင် အဖမ်းခံရသူပေါင်း (၃၀) ခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်း ဒုရဲမှူးကြီး ဦးကျော်စိန်၊ ကြည့်မြင်တိုင်မြို့နယ်မှူး အပါအဝင် ရဲအဖွဲ့ဝင် (၁၀) ဦးခန့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ (၂) ဦးတို့က ညနေဘက်တွင် ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတောင်ရပ်ကွက်ရှိ ဦးမြင့်အေးနေအိမ်သို့ ဝင်ရောက်ရှာဖွေနေစဉ် (HRDP) အဖွဲ့ဝင် တဦးဖြစ်သူ ကိုမောင်မောင်လေးက ထိုအိမ်သို့ရောက်ရှိသွား၍ ၎င်းအားလည်း ပြန်ခွင့်မပေးသဖြင့် ရှာဖွေမှုနှောက်နေသည်တို့ကို ထိုင်ကြည့်နေခဲ့ရကြောင်း ပြောသည်။

(HRDP) အဖွဲ့ဝင် ကိုမောင်မောင်လေးက "ရှာဖွေပြီးတဲ့အခါမှာ သူတို့သိမ်းထားတဲ့ပစ္စည်းတွေကို လက်မှတ်ထိုးခိုင်းတယ်။ နောက်တခါ ရဲမှူးကြီးကစပြီး သူတို့ပါလာတဲ့သူအားလုံးကို အိမ်ရှင်ကို ရှာခိုင်းတယ်။ အိမ်ရှင်စိတ်အနှောင့်အယှက်ဖြစ်စေမယ့် တစုံတရာအပြုအမူမရှိပါဘူး။ နောက် ရှာဖွေစဉ် ငွေကြေးနဲ့ တခြားအဖိုးတန်ပစ္စည်းပျောက်ရှခြင်းမရှိကြောင်းတို့ ဦးမြင့်အေးရဲ့ဇနီး ဒေါ်လဲ့လဲ့ဝင်းကို လက်မှတ်ထိုးခိုင်းတယ်"ဟု ပြောသည်။

တနာရီခွဲခန့်ရှာဖွေပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) ဥက္ကဋ္ဌ ဦးအောင်ရွှေထံသို့ လိပ်မူတပ်ထားသည့်စာ၊ စာရွက်စာတမ်းအချို့၊ ၁၉၇၆ ခုနှစ်က အစိုးရအဝိကရုဏ်းနှင့်ပတ် သက်သည့်စာအုပ်၊ (HRDP) အဖွဲ့၏ နာဂစ်ကူညီရေးဆောက်ရွက်ချက် အချက်အလက်များ၊ နာဂစ်ဒုက္ခသည်များကိုယ်တိုင် အကူအညီတောင်းခံထားသောစာများကို ရှာဖွေပုံစံနှင့် သိမ်းယူသွားကြောင်းသိရသည်။

ဦးမြင့်အေးသည် ယခင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြည့်မြင်တိုင်မြို့နယ်ဥက္ကဋ္ဌဖြစ်ခဲ့ပြီး ယခုလည်း ၎င်း၏နေအိမ်အား အဲန်အယ်လ်ဒီရုံးခန်း အဌားထားကြောင်းလည်း သိရသည်။

ဦးမြင့်အေးသည် ယခုနှစ် မတ်လ

စာမျက်နှာ (၁၂) ကော်လံ (၄) သို့ ....

## လူထုခေါင်းဆောင်နှင့် ဥပဒေအကျိုးဆောင်တို့ တွေ့ဆုံခွင့်ရစဉ်
## နအဖစစ်အစိုးရ၏ ကန့်သတ်ပိတ်ပင်မိန့်များနှင့်ပတ်သက်၍ ဆွေးနွေးမှုများရှိခဲ့

(၈) လေးလုံးအရေးတော်ပုံကြီး၏ နှစ် (၂၀) ပြည့်သောနေ့တွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား သူမ၏ပါတီဝင် ဥပဒေအကျိုးဆောင်တဦးနှင့် တွေ့ဆုံခွင့်ပေးခဲ့ရာတွင် သူမအား ဆက်လက်ဖမ်းဆီးထားခြင်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်းသိရသည်။


Photo; AFP

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်

၎င်းသို့တွေ့ဆုံခွင့်ရခြင်းသည် လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာတောမတ်စ်အိုဟေးကွင်တန်နား လာရောက်ခဲ့သော မြန်မာပြည်တွင်းခရီးစဉ်နှင့် ပတ်သက်မှုရှိခြင်း၊ မရှိခြင်းကိုလည်းကောင်း၊ အသေးစိတ်ဆွေးနွေးချက်များကိုလည်းကောင်း မိမိတို့ မသိပါကြောင်း အဖွဲ့ချုပ်၏ပြောခွင့်ရသူ ဦးဉာဏ်ဝင်းကပြောဆိုခဲ့သည်။

ဆက်လက်၍လည်း "ကျနော်တို့သိတာကတော့ ဒီလိုတွေ့ဆုံခွင့်ဆိုတာ နဂိုကတည်းက ရပိုင်ခွင့်ရှိတဲ့အခွင့်အရေးပဲ။ တကြိမ်တခါမှ မရဖူးဘူး။ အခုရလာတယ်။ ဒါအတွက်တော့ ကျနော်တို့ဝမ်းသာပါတယ်။ သို့သော် ဒါဟာ နဂိုကတည်းက ရရှိပြီးသားအခွင့်အရေးပဲလို့ပဲ ပြောချင်ပါတယ်"ဟု ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ်ဖြင့်ဖမ်းဆီးထားမှုကို တရားရုံး၌ အယူခံဝင်နိုင်ရန် ရှေ့နေဦးကြည်ဝင်းသည် ဒေါ်အောင်ဆန်းစုကြည်ထံမှ ကိုယ်စားလှယ်လွှဲစာ ရယူနိုင်သော်လည်း တရားရုံးတက်ရန်အတွက်မူ အာဏာပိုင်များထံမှ တားဆီးမိန့်လည်းလိုအပ်သေးကြောင်း အဖွဲ့ချုပ်၏ ဥပဒေရေးရာအကြံပေးအဖွဲ့ဝင် ဦးအောင်သိန်းကပြောသည်။

ဦးအောင်သိန်းက "အာဏာပိုင်အဖွဲ့ကထုတ်တဲ့ တားဆီးမိန့်အပေါ်မှာ ကျနော်တို့က အပေါ်တက်ရမှာ။ စီမံခန့်ခွဲမှုအာဏာနဲ့ တားဆီးထားတဲ့အမိန့်ဟာ တရားမျှတမှုမရှိပါဘူးဆိုတာ တရားရုံးချုပ်ကို တက်ပြောဖို့လိုတယ်။ လူအများနားလည်ထားတာကတော့ မေ (၃၀) ကနေ ဒေါ်စုကို တောက်လျှောက်ဖမ်းထားတယ်။ မေ ၂၀၀၈ မှာ (၅) နှစ်ကျော်ပြီဆိုပြီး အဲဒီပြဿနာပေါ်တာပဲဗျာ။ ဒါကတော့ သူတို့ဘက်က တရားဝင်ပွင့်လင်းမှုမရှိတဲ့အတွက်ဖြစ်နေတာ" ဟု ပြောဆိုခဲ့သည်။

၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်တွင် ဖြစ်ပွားခဲ့သော ဒီပဲယင်းအရေးအခင်း ဖြစ်ပွားခဲ့ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ (၁၀-ခ) ဖြင့် နေအိမ်၌ ထိန်းသိမ်းထားခြင်းဖြစ်သည်။

၎င်းသည်မှာ ဒီပဲယင်းအရေးအခင်းဖြစ်ပွားခဲ့ပြီးနောက် အထိန်းသိမ်းခံနေခဲ့ရသော ငါးနှစ်တာကာလအတွင်း ပထမဦးဆုံး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဖွဲ့ချုပ်) မှ ဥပဒေပညာရှင်နှင့် တွေ့ခွင့်ရခြင်းဖြစ်သည်။

အဖွဲ့ချုပ်၏ပြောခွင့်ရ ဦးဉာဏ်ဝင်းက "ကန့်သတ်မိန့်တွေနဲ့ပတ်သက်ပြီး ဥပဒေဆိုင်ရာဆွေးနွေးကြတယ်လို့သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ တားဆီးမိန့်နဲ့ပတ်သက်ပြီးတော့ ဒီလို ရှေ့နေနဲ့တိုင်ပင်ခွင့်က ပထမဆုံးအကြိမ်ပဲလို့ သိရပါတယ်။ ဥပဒေပညာရှင်တွေနဲ့တွေ့တာကတော့ ၂၀၀၄ ခုနှစ်လောက်မှာ ရှိခဲ့ဖူးတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေနဲ့တွေ့တာ ကျနော်တို့နဲ့တွေ့တာက ၂၀၀၇ ခုနှစ်လောက်မှာ တွေ့ဆုံခွင့်ရတာပါ။ ဆရာဝန်နဲ့က ကျနော်မှတ်မိသလောက် ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလဟာ နောက်ဆုံးတွေ့တာလို့ မှတ်မိပါတယ်"ဟု ပြောဆိုခဲ့သည်။ ❖

## ပဋိညာဉ်စာတမ်းပါ အချက်များအား အဖွဲ့ဝင်နိုင်ငံများက လိုက်နာဆောင်ရွက်စေရန်အတွက် အာဆီယံတွင်တာဝန်ရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သတိပေးပြောကြား


Photo; RUTERS



အာဆီယံပဋိညာဉ်စာတမ်းအား လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း



ဩဂုတ် (၅) ရက်။

စစ်အုပ်စုအုပ်ချုပ်သော မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ) သည် ဇူလိုင်လ (၂၁) ရက်နေ့က ပဋိညာဉ်စာတန်းအတည်ပြုလွှာကို လက်မှတ်ရေးထိုးခဲ့ကြခြင်းအပေါ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုဆိုလိုက်ပြီး ကောင်းမွန်သင့်တင့်သောအချက်များကို လိုက်နာရန်လိုအပ်ကြောင်း ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

အာဆီယံချာတာကို အသိအမှတ်ပြုလက်မှတ်ရေးထိုးတဲ့နေရာမှာ ကျနော်တို့နိုင်ငံအလိုက် မိမိတို့အစီအစဉ်နဲ့ထိုးဖို့ ကျနော်တို့ပြဋ္ဌာန်းချက်ရှိတယ်။ သို့သော်လည်းပဲ မြန်မာနိုင်ငံအခြေအနေမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရှိတယ်။ ဒါကို ကျနော်တို့ အေးချမ်းသာယာရေးအဖွဲ့ကလည်း အသိအမှတ်ပြုထားတယ်။ ပြည်သူ့လွှတ်တော်ခေါ်ယူပေးခြင်းမရှိတဲ့အတွက်သာ အခုလို နအဖက လက်မှတ်ရေးထိုးဖို့ ဆောင်ရွက်ခဲ့တာဖြစ်တယ်။ အဲဒီတော့ ဒီအာဆီယံချာတာနဲ့ပတ်သက်ပြီး ချာတာပါကိစ္စများ ထိရောက်အောင်မြင်ဖို့အတွက်ကို အာဆီယံမှာ လုံးဝတာဝန်ရှိပါတယ်လို့ ကျနော်တို့ ဒီနေ့ ကြေညာချက်ထုတ်ပါတယ်"ဟု အဖွဲ့ချုပ်၏ ပြောခွင့်ရသူ ဦးဉာဏ်ဝင်းကပြောသည်။

အာဆီယံပဋိညာဉ်စာတန်းအား အာဆီယံအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ထောက်ခံချက်ဖြင့် အစိုးရများက အသီးသီးလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ မြန်မာပြည်တွင်မူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရှိသော်လည်း စစ်အုပ်စုက လွှတ်တော်ခေါ်ယူခွင့်မပြုဘဲ ၎င်းတို့စိတ်တိုင်းကျ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ❖


မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှထုတ်ဝေသည်

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## ရှစ်လေးလုံးအနှစ်နှစ်ဆယ်ခရီးစဉ်အတွင်း ယူသင့်သောသင်ခန်းစာတခု

မြန်မာတိုင်းသူပြည်သားမှန်လျှင် မမေ့အပ်သော မြန်မာ့သမိုင်းဝင်နေ့များ၌ ဩဂုတ်လ (၈) ရက်နေ့လည်း အပါအဝင်ဖြစ်သည်။ ယနေ့တွင် စစ်အာဏာရှင်လက်အောက်မှ ရုန်းထွက်ရန်ကြိုးပမ်းလာခဲ့သော လွတ်လပ်ရေးတိုက်ပွဲစဉ်ခရီး အနှစ် (၂၀) အတွင်း မိမိတို့ဘက်မှပေးဆပ် ကြိုးပမ်းခဲ့မှုမှန်သမျှ၏ အောင်မြင်မှု၊ ဆုံးရှုံးမှုတို့အား ပြန်လည်၍ဆန်းစစ်ရန် အရေးပေါ်လိုအပ်နေချိန်လည်းဖြစ်သည်။

ဆင်ခြေဆင်လက်များပြီး သပ်လျှိုဖြိုခွဲရာတွင် ပါးနပ်ကျွမ်းကျင်သော ဗြိတိသျှလက်အောက်မှလည်းကောင်း၊ ရက်စက်ကြမ်းကြုတ်မှုတွင် ကမ်းကုန်နေသော ဖက်ဆစ်ဂျပန်လက်အောက်မှလည်းကောင်း အမိမြန်မာပြည်လွတ်လပ်ရန် ကိုယ်ကျိုးစွန့်အနစ်နာခံကာပေးဆပ်သွားသော မျိုးချစ်တော်လှန်ရေးသမားများ၏ တော်လှန်စိတ်ဓာတ်အမွေသည် မြန်မာ့သမိုင်း၊ မြန်မာတိုင်းသူပြည်သားများတွင် ထင်ကျန်ရစ်ခဲ့လျှင် အဘယ်မျှ ဂုဏ်သိက္ခာရှိလိုက်မည့်တိုင်းပြည် ဖြစ်လိုက်လိမ့်မည်နည်း။

အနှစ်နှစ်ဆယ်ကာလအတွင်း အလုပ်နိုင်ဆုံးဆို၍ (၉၀) ပြည့်နှစ်ရွေးကောက်ပွဲတခုသာလျှင်ရှိခဲ့ခြင်းနှင့် ပြည်တွင်းပြည်ပအတိုက်အခံများသည် အဆင့်တိုင်းမှာ တိုက်ဖျက်သွားမည်ဟု မည်မျှကြွေးကြော်အော်ဟစ်နေစေကာမူ စစ်အုပ်စု၏ အာဏာတည်မြဲရေးစီမံချက်သည်သာ တစထက်တစ ရုပ်လုံးပေါ် အသက်ဝင်လာသည်ကိုလည်း တွေ့မြင်နေရသည်ဖြစ်သည်။

ယခုကဲ့သို့သော အခြေအနေမျိုးတွင် ဖောင်းပွနေသော "အဖွဲ့ချုပ်" များနှင့် "တပ်ပေါင်းစု" များအားလုံး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အလေးထားရှေ့တန်းတင်ကာ အလံတိုင်တခုတည်းအောက်တွင် ညီညီညွတ်ညွတ်နှင့် မားမားမတ်မတ်ရပ်တည်လာစေရေးသည် မြန်မာ့သမိုင်းက တောင်းဆိုမှုအသွင်အဖြစ်ပေါ်လွင်လျှက်ရှိလာသည်။ "တယောက်အားနှင့်ယူသော်မရ၊ တသောင်းအားနှင့်ယူသော်ရ၏" ဟူသောစကားနှင့်အညီ ကွဲပြားနေသော တော်လှန်ရေးအင်အားစုများ၊ တော်လှန်ရေးစိတ်ဓာတ်များကို စုစည်းယူမှသာလျှင် ဘုံရန်သူစစ်အာဏာရှင်ကို တော်လှန်နိုင်မည်ဖြစ်သည်။

မြန်မာ့သမိုင်းစာမျက်နှာများတွင် အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ရသည့် အရှုံးသမိုင်းမှစ၍ ယနေ့အထိ သမိုင်းအဆက်ဆက်အား သုံးသပ်လေ့လာသူများ၏မှတ်ချက်တွင် "မျိုးချစ်စိတ်ရှိသော်လည်း စည်းလုံးညီညွတ်မှုအားနည်းခြင်းကြောင့်" ဟူသော ခေါင်းစဉ်အောက်တွင်သာ မြန်မာ့လွတ်လပ်ရေးဆုံးရှုံးရမှုကို တွေ့မြင်ကြရမည်ဖြစ်သည်။

ယနေ့စစ်အာဏာရှင်၏လက်၌ အာဏာရှိသည်။ ငွေရှိသည်။ လက်နက်ရှိသည်။ ထို့ကြောင့် နိုင်ငံရေး၊ စစ်ရေးကျွမ်းကျင်သည့်ဦးနှောက်များကို ငှားရမ်းအသုံးချခြင်းအားဖြင့် ဆင်ခြေဆင်လက်များပြီး သျှပ်လျှိုဖြိုခွဲရာတွင် ပါးနပ်ကျွမ်းကျင် သောဗြိတိသျှကဲ့သို့ အပျော့ဆွဲနည်းစနစ်များသည်လည်းကောင်း၊ ရက်စက်ကြမ်းကြုတ်မှုတွင်ကမ်းကုန်နေသော ဖက်ဆစ်ဂျပန်ကဲ့သို့လည်းကောင်း နည်းမျိုးစုံသုံး၍တိုင်းပြည်၏ အချုပ်အခြာအာဏာကို လက်ဝါးကြီးအုပ်ထားနိုင်ကြသည်။

အတိုက်အခံတို့ဘက်တွင်ရှိသော တခုတည်းသောအရာမှာ လက်ဆုပ်လက်ကိုင်မပြနိုင်သော "မျိုးချစ်စိတ်" သာဖြစ်ပြီး "အလိုအပ်ဆုံးအရာမှာ" "စည်းလုံးညီညွတ်မှု" ဖြစ်ကြောင်း တော်လှန်ရေးအင်အားစုများက မဖြစ်မနေလက်ခံကျင့်သုံးသင့်နေချိန်လည်းဖြစ်သည်။

"အကွပ်မရှိသည့်ကြမ်း" ပမာ ဖရိုဖရဲဖြစ်နေသည့်နိုင်ငံရေးအင်အားစုများ ယခုထက်ပို၍ ပရမ်းပတာဖြစ်လာပါက အစပျောက်သွားနိုင်ချေ များနေချိန်တွင် (အနည်းဆုံး မိမိ (သို့မဟုတ်) မိမိအဖွဲ့အစည်းများရပ်တည်ရေးအတွက်ပင်ဖြစ်စေ) အတိုက်အခံအင်အားစုအတွင်းရှိသင့်ရှိထိုက်သော သွေးစည်းညီညွတ်ရေးကို အလေးအနက်ထားကြပါရန် (၈) လေးလုံး အနှစ် (၂၀) ပြည့် အထိမ်းအမှတ်အဖြစ် တိုက်တွန်းလိုက်ရပေသည်။ ❖

# ၈၈၈၈
# စိတ်ဓာတ် မမေ့အပ်

## နအဖ စစ်အုပ်စုလက်ထက်တွင် နိုင်ငံ့အရေးလှုပ်ရှားသူများအား ဥပဒေပုဒ်မအမျိုးမျိုးပြောင်းလဲကာ စွဲချက်တင်ခြင်းများရှိလာ

ဩဂုတ် (၁၃) ရက်။

၂၀၀၇ မျိုးဆက်ကျောင်းသားများ၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကွန်ယက်နှင့် အဖွဲ့ချုပ်အဖွဲ့ဝင်လူငယ် စုစုပေါင်း (၇) ဦးအား အင်းစိန်ထောင်ဝန်းအတွင်းရှိ အနောက်ပိုင်းခရိုင်တရားရုံးတွင် ယမန်နေ့ကတရားခွင်ပြုလုပ်၍ ပုဒ်မအသစ်များဖြင့် ထပ်မံတရားစွဲဆိုလိုက်သည်။

ကျောင်းသားခေါင်းဆောင် စည်သူမောင်၊ ကြည်ဖြူမောင် (မြောက်ဒဂုံမြို့နယ်)၊ ကိုဇင်လင်းအောင်၊ လူ့အခွင့်အရေးကာကွယ်ရေးမြှင့်တင်သူများကွန်ယက်မှ ကိုမျိုးသန့် (ဂျွန်နော်သာ–လှိုင်မြို့နယ်)၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များဖြစ်ကြသော ကိုရဲမင်းဦး၊ ကိုရဲမြတ်ဟိန်းနှင့် ကိုသိန်းဆွေ (ဖျာပုံမြို့နယ်) တို့အား ယခင်ကစွဲဆိုထားသော နိုင်ငံ့ခေါင်းဆောင်များကို အကြည်ညိုပျက်စေမှု ပုဒ်မ ၁၂၄ (က) ကို ဖျက်သိမ်းပြီးနောက် ယခုအခါ ဆူပူမှုဖြစ်ပွားရန်လှုံ့ဆော်မှု ပုဒ်မ ၅၀၅ (ခ) နှင့်အတူ ပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇ နှင့် ၂၉၅ (က) တို့ဖြင့် ပြောင်းလဲစွဲဆိုလိုက်သည်။

အနောက်ပိုင်းခရိုင်တရားရုံးတွင် အွန်လိုင်းဘလော့ဂါ ကိုနေဘုန်းလတ်အားလည်း (၃) ကြိမ်မြောက်ရုံးထုတ်စစ်ဆေးခဲ့ပြီး ကိုနေဘုန်းလတ်အား စွဲဆိုထားသည့်ပုဒ်မများမှာ ဗွီဒီယိုအက်ဥပဒေ ပုဒ်မ ၃၂ (ခ)၊ အီလက်ထရောနစ်ဥပဒေပုဒ်မ ၃၃ (က)၊ ၃၈ တို့အပြင် ၅၀၅ (ခ) တို့ဖြင့် စွဲဆိုထားကြောင်းလည်းသိရသည်။

ရုံးထုတ်ချိန်တွင် လွတ်လပ်စွာ တရားမျှတသောစီရင်မှုအတွက် လူတိုင်းလာရောက်ကြားနာခွင့်ပြုရမည်ဖြစ်သော်လည်း မိသားစုဝင်များပင်လျှင် လွတ်လပ်စွာကြားနာခွင့်မရှိကြောင်းနှင့် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းပြရန်စစ်ဆေးခြင်းဖြင့် နှောင့်ယှက်ခံရခြင်း၊ နောက်တွေ့ခွင့်မရတော့ဘူးဟု ခြိမ်းခြောက်ခံရခြင်းတို့ဖြင့် ရင်ဆိုင်နေရကြောင်း ကိုနေဘုန်းလတ်၏မိခင် ဒေါ်အေးအေးသန်းက ပြောပြခဲ့သည်။

ယမန်နေ့က နိုင်ငံရေးဆိုင်ရာ အမှုအချို့ကို ရုံးထုတ်စစ်ဆေးခဲ့ရာတွင် အရှေ့ပိုင်းခရိုင်တရားရုံး၌လည်း ဘိုကလေးမြို့တွင် ကျောင်းသား ကိုပြည့်ဖြိုးလှိုင်နှင့် (၈) ဦးတို့အားလည်း လူဝင်မှုကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃ (၁)၊ မတရားအသင်းဖွဲ့မှု ၁၇/၁၊ နိုင်ငံတော်အကြည်ညိုပျက်စေမှု ၅၀၅ (ခ)၊ ပုံနှိပ်အက် ဥပဒေ ၁၇/၂၀ တို့ဖြင့် စွဲဆိုလိုက်ကြောင်းလည်း သိရသည်။

ထို့အပြင် နိုင်ငံရေးမှုများအား ခုခံလျှောက်လဲချက်ပေးမည့် အကျိုးဆောင်ရှေ့နေနှင့် တရားစွဲဆိုခံထားရသူများကိုလည်း ကြိုတင်တွေ့ဆုံခွင့်မပေးဘဲ ကန့်သတ်မှုများရှိနေကြောင်း ရှေ့နေဦးခင်မောင်ရှိန်ကပြောသည်။

၎င်းက "အမှုဖြစ်တဲ့အကြောင်းနဲ့ပတ်သက်လို့ တရားခံက သူ့အမှုဖြစ်တဲ့အကြောင်းအရာတွေကို မသိရဘူး။ ရုံးရောက်မှ စစ်မှတရားလိုရဲ့ စွပ်စွဲချက်အပေါ်မှာမူတည်ပြီးတော့ ခုခံတာတွေရှိခဲ့တယ်။ ရုံးချိန်းအကြိမ်များလာတော့ ရုပ်လုံးပေါ်လာတယ်။ တရားခံတွေအနေနဲ့ အန်ကယ်လ်တို့ကို ပြောပြနိုင်လာတယ်လေ။ ပထမကြိုတင်ပြီး အမှုကို မယူရတော့ အခက်အခဲတွေရှိတယ်" ဟု ပြောသည်။ ❖

## ရှစ်လေးလုံး နှစ်နှစ်ဆယ်ပြည့်မှ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးကာလအထိ လုံခြုံရေးတင်းကျပ်မှုများ ရန်ကုန်မြို့အပါအဝင် မြန်မာပြည်မြို့ကြီးများတွင် ဆက်လက်ရှိနေနိုင်



ဩဂုတ် (၁၅) ရက်။

ရန်ကုန်မြို့တော်ဝန်၏ ပြည်တွင်းမီဒီယာများသို့ပြောကြားချက်အရ ရန်ကုန်နှင့် နေပြည်တော်အပါအဝင် မြန်မာပြည်၏ မြို့ကြီးများတွင် လုံခြုံရေးအခြေအနေများ ပိုမိုတိုးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ဗုံးဖောက်ခွဲမည်ဟူသောသတင်းများရရှိထားခြင်းကြောင့်ဖြစ်ကြောင်း ပြောခဲ့သော်လည်း ရန်ကုန်မြို့ခံတဦးကမူ စက်တင်ဘာ သံဃာ့အရေးအခင်း နှစ်ပတ်လည်အတွက်ပါ လုံခြုံရေးဆက်ယူခြင်းဖြစ်ဟန်တူကြောင်းပြောသည်။

(၈) လေးလုံး နှစ်ပတ်လည်မတိုင်မီက ဝတ်စုံပြည့်စစ်နှင့်ရဲများသည် သေနတ်၊ ရာဘာတုတ်များ၊ ဒိုင်းများနှင့် လုံခြုံရေးအပြည့်ယူထားခဲ့ကြပြီး ယခုအခါ လူစည်ကားရာလမ်းဆုံလမ်းခွများ၏ ဘုရားပုထိုးပရဝုဏ်များနှင့် တက္ကသိုလ်များ၊ ဘုန်းကြီးကျောင်းများတို့တွင် အရပ်ဝတ်များဖြင့် လုံခြုံရေးအထူးတင်းကျပ်စွာစောင့်ကြည့်ခြင်းခံနေရသည်။

စက်တင်ဘာအရေးအခင်းအတွင်းက စုရပ်ဖြစ်ခဲ့ကြသော ရွှေတိဂုံ၊ ကမ္ဘာအေးနှင့် ကျိုက္ကဆံစေတီများတွင်မူ အရပ်ဝတ်များသာမက ယူနီဖောင်းဝတ် စစ်သားနှင့်ရဲများလည်းရှိနေကြောင်း သိရသည်။

ဗုံးဖောက်ခွဲမည့်သတင်းများကြောင်း လုံခြုံရေးတိုးမြှင့်သည်ဆိုခြင်းမှာ အစိုးရ၏ လုပ်ကြံဖန်တီးမှုသာဖြစ်ပြီး လူထုလှုပ်ရှားမှုဖြစ်ပေါ်မည်ကိုစိုးရိမ်သောကြောင့် ဖြစ်နိုင်ကြောင်းလည်း ရန်ကုန်မြို့တွင်နေထိုင်သူများက သုံးသပ်ပြောဆိုနေကြသည်။ ဇူလိုင်လအတွင်းကလည်း ပြည်ထဲရေးဝန်ကြီးဌာနက ဗုံးခေါက်ခွဲမည့်သူ (၄) ဦးရောက်ရှိနေပြီး ဖမ်းဆီးပေးနိုင်သူ (သို့မဟုတ်) သတင်းပေးသူအား ဆုငွေ ကျပ် (၂၅) သိန်းပေးမည်ဟု ကြေညာထားခဲ့သော်လည်း နောက်ဆက်တွဲအနေဖြင့် မည်သည့်သတင်းမှ ထပ်မံထွက်ပေါ်လာခြင်းမရှိခဲ့ပေ။ ❖



## မကျန်းမာသည့် လွှတ်တော်ကိုယ်စားလှယ်အား လွတ်ရက်စေ့သည့်တိုင် ပြန်လွှတ်မပေး၊ ဆေးကုခွင့်လည်းမပေးဘဲထား

ဇူလိုင် (၂၇) ရက်။

ကျောက်တန်းမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းအား ဆီးကျိတ်နှင့်အသည်းကင်ဆာလက္ခဏာများ တွေ့ရှိနေသော်လည်း စစ်အုပ်စုအာဏာပိုင်တို့က ဆေးကုသခွင့်မပေးကြောင်း ဒေါက်တာသန်းငြိမ်း၏ဇနီး ဒေါ်ခင်အေးကပြောသည်။

ဒေါက်တာသန်းငြိမ်းသည် ၁၉၉၇ ခုနှစ်က ထောင်ဒဏ် (၇) နှစ်ချမှတ်ခံခဲ့ရသူဖြစ်ပြီး ထောင်ဒဏ်နှစ်စေ့ခဲ့သည်မှာ (၃) နှစ်ခန့်ရှိနေပြီဖြစ်သော်လည်း ပြန်လွှတ်မပေးဘဲ၊ ပုဒ်မ ၁၀ (က) နှင့် ဆက်လက်စွဲဆိုဖမ်းဆီးထားခြင်းဖြစ်သည်။ ဆီးကျိတ်နှင့် အသည်းရောဂါဒဏ်ကိုခံစားနေရသောကြောင့် ဖေဖော်ဝါရီလအတွင်းက တိုင်းဆေးရုံတွင် ဆေးစစ်ခဲ့စဉ်က အသည်းကင်ဆာလက္ခဏာများကို တွေ့ခဲ့ရသည့်အတွက် ဆေးကုသမှုအမြန်ဆုံးခံယူရန် အထူးကုဆရာဝန်ကြီးများက ညွှန်ကြားချက်ပေးထားသည့်တိုင် အာဏာပိုင်များက ဆေးကုသခွင့်တင်ထားသည့်စာအား ယခုထိ အကြောင်းပြန်ကြားချက်မပေးသေးကြောင်း ဒေါက်တာသန်းငြိမ်းအား ထောင်ဝင်စာသွားရောက်တွေ့ခဲ့သည့် ဒေါ်ခင်အေးကပြောသည်။

ဒေါ်ခင်အေးက "ဆီးကျိတ်ကလည်း အနယ်တွေဘာတွေ ပြန်တွေ့နေတော့ ဆီးဆေးတွေလည်းသောက်နေရတယ်။ ဘယ်သူ့မှလည်း ပြလို့မရဘူးဖြစ်နေတယ်။ အသည်းနဲ့ပတ်သက်ပြီးတော့ ကင်ဆာဖြစ်လာနိုင်မယ်ဆိုရင် ဆီးကျိတ်တွေဘာတွေလည်းဖြစ်နိုင်လည်း သူဘယ်လောက်အထိဖြစ်နိုင် မယ်ဆိုတာ သူတွက်တာပေါ့။ သတိတော့ ထားနေတာပေါ့လေ။ စိတ်ဓာတ်တော့မကျပါဘူး" ဟု ဒီဗွီဘီသို့ပြောသည်။

ဒေါက်တာသန်းငြိမ်းသည် (၁၀) နှစ်တာ အကျဉ်းကျခံနေရစဉ်အတွင်း ထောင် (၆) ထောင် အပြောင်းခံခဲ့ရသူလည်းဖြစ်သည်။

၁၉၉၇ မှ ၂၀၀၄ အထိ အင်းစိန်အကျဉ်းထောင်အတွင်း၌လည်းကောင်း၊ ၂၀၀၄ စက်တင်ဘာ (၂၀) အထိ သာယာဝတီအကျဉ်းထောင်၌လည်းကောင်း၊ ၂၀၀၄ စက်တင်ဘာ (၂၆) မှစ၍ ရန်ကုန်ဆေးရုံကြီး၏ အချုပ်ဆောင်၌လည်းကောင်း၊ ၂၀၀၄ နိုဝင်ဘာ (၁၁) ရက်တွင် အင်းစိန်အကျဉ်းထောင်သို့ပြန်လည်အပို့ခံရပြီးနောက် နိုဝင်ဘာလ (၂၅) ရက်တွင် ပေါင်းတည်အကျဉ်းထောင်သို့ပြောင်းရွှေ့ခံခဲ့ရသည်။ ၂၀၀၅ ဇန်နဝါရီလ (၆) ရက်မှစ၍ယနေ့အထိ ပြည်အကျဉ်းထောင်သို့ ပြောင်းရွှေ့ချထားဆဲခံနေရသူဖြစ်သည်။

ဆေးဝါးကုသမှုပိတ်ပင်ခံထားရသော ယခု နှစ်နှစ်တာကာလအတွင်းတွင် ဒေါက်တာသန်းငြိမ်းမှာ ဆီးကျိတ်နှင့်အသည်းကင်ဆာ လက္ခဏာကိုသာမက မျက်စိတိမ်စွဲခြင်းဝေဒနာ၊ အစာအိမ်ရောဂါနှင့် သွေးတိုးရောဂါတို့ကိုလည်း ခံစားနေရကြောင်းနှင့် ဤသို့ဆေးကုသခွင့်ပိတ်ပင်ခံနေရခြင်းသည် လူ့အခွင့်အရေးအားချိုးဖောက်နေခြင်းဖြစ်ကြောင်း ၂၀၀၇ ခုနှစ်ကတည်းက ဇနီးသည် ဒေါ်ခင်အေးက ဒီဗွီဘီနှင့်မေးမြန်းခန်းတွင် ဖြေကြားခဲ့ပြီးလည်းဖြစ်သည်။ ❖

## (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦး ထောင်တွင်းတွင်ချော်လဲ၍ဆေးရုံတင်ထားရ



ကိုကျော်ကျော်ထွေး (ခ) ကိုမာကီ

ဩဂုတ်လ (၁) ရက်။

အင်းစိန်ထောင်တွင်း၌ ဖမ်းဆီးခံထားရသော (၈၈) မျိုးဆက်အဖွဲ့ဝင် ကိုကျော်ကျော်ထွေး (ခ) ကိုမာကီသည် ချော်လဲသည့်ဒဏ်ချက်ဖြင့် ဆီးခုံရိုးအက်သွားသဖြင့် အင်းစိန်ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေရကြောင်း သိရသည်။

ကိုကျော်ကျော်ထွေး၏ မိသားစုဝင်တဦးက "ပထမ (၇) ရက်လောက်ခံနေရပြီး ဓာတ်မှန်ရိုက်ကြည့်တော့မှ ဆီးခုံရိုးအက်သွားတယ်လို့သိရတာ။ အခု အင်းစိန်ဆေးရုံမှာထားတာ (၃) ရက်ရှိပြီ။ ခွဲဆဲ့ရမယ်လို့ပြောတယ်" ဟုပြောသည်။ ဆက်လက်၍ ထိုဒဏ်ရာ ကြောင့် ထိုင်ခြင်း၊ မတ်တပ်ရပ်ခြင်းတို့ကို ကြာကြာမလုပ်နိုင်ကြောင်းလည်း ပြောသည်။

ကိုကျော်ကျော်ထွေးသည် အင်းစိန်ထောင် တိုက်အမှတ် (၃) တွင် ဖမ်းဆီးခံထားရသော ညီဖြစ်သူ ကိုဇော်နိုင်ထွေးနှင့် စာအဆက်အသွယ်လုပ်ခြင်းအား အာဏာပိုင်များမှသိရှိသွားခဲ့ပြီး တလတိုက်ပိတ်ခံခဲ့ရသည်။ ကိုဇော်နိုင်ထွေး၏အမှုကိုလည်း စစ်ဆေးခြင်းမရှိသေးဘဲ ရုံးထုတ်နေကြောင်း ဇနီးဖြစ်သူ မမိုးမိုးကပြောသည်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လအတွင်းက လောင်စာဆီဈေးနှုန်းများ အဆမတန်တိုးမြှင့်သတ်မှတ်လိုက်ခြင်းကြောင့် မော်တော်ယဉ်ဈေးနှုန်းများ နှစ်ဆတက်သွားခြင်းအပေါ် (၈၈) မျိုးဆက်ကျောင်းသားများဦးဆောင်၍ လူ (၁၀၀) ခန့်လမ်းလျှောက်ဆန္ဒပြပွဲတရပ်ဖြစ်ပေါ်ခဲ့သည်။ ထိုလမ်းလျှောက်ဆန္ဒပြပွဲကိုဦးဆောင်ခဲ့၍ အဖမ်းခံခဲ့ရသော (၈၈) မျိုးဆက်ကျောင်းသားများတွင် ကိုကျော်ကျော်ထွေးလည်း ပါဝင်ခဲ့သည်။ ❖

## ကုလသမဂ္ဂအနေနှင့်မြန်မာ့အရေးဆိုင်ရာများကိုညီလာခံမှဆုံးဖြတ်ခဲ့သည့်အတိုင်း လိုက်နာဆောင်ရွက်ပေးရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့မှ ကြေညာချက်တစောင်ထုတ်ပြန် နအဖစစ်အုပ်စုအားတောင်းဆို

ဇူလိုင် (၂၈) ရက်။



နအဖစစ်အစိုးရမှ စိတ်ကြိုက်ပြုလုပ်ခဲ့သည့်ပြည့်သူ့ဆန္ဒသဘောထားခံယူပွဲမြင်ကွင်း

နအဖစစ်အုပ်စု၏ လမ်းပြမြေပုံ (၇) ချက်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် မဆီလျော်၊ အရာမရောက်သည့်အပြင် နအဖ၏ အခြေခံဥပဒေသစ်သည်လည်း တရားမဝင်ကြောင်း ပြည်တွင်းမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ကုလသမဂ္ဂသို့အိတ်ဖွင့်ပေးစာအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (အမ်ပီယူ) က ဇူလိုင်လ (၂၄) ရက်တွင် ကြေညာချက်တစောင်ထုတ်ပြန်ပြီး ထောက်ခံလိုက်သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့လိပ်မူတပ်၍ပေးပို့ခဲ့သော ပြည်တွင်းလွှတ် တော်ကိုယ်စားလှယ်များ၏အိတ်ဖွင့်ပေးစာတွင် နအဖ၏လမ်းပြမြေပုံနှင့် အခြေခံဥပဒေကို အသိအမှတ်မပြုကြောင်း ကုလသမဂ္ဂအနေဖြင့် ကြေညာရန်အချိန်ကျပြီဟု တောင်းဆိုထားသည်။

အမ်ပီယူ၏အလုပ်အမှုဆောင် ဦးခွန်မြင့်ထွန်းက ဤအိတ်ဖွင့်ပေးစာမှ တောင်းဆိုချက်နှင့်ပတ်သက်၍ "မြန်မာပြည်အတွက် အဓိကတောင်းဆိုသင့် တောင်းဆိုထိုက်တဲ့ တောင်းဆိုချက်ဖြစ်တယ်။ နောက်တခုက ကုလသမဂ္ဂကနေပြီးတော့ ပြောထားတဲ့ဆုံးဖြတ်ချက်တွေကို မလိုက်မနေရ လိုက်နာရမယ့် ဆုံးဖြတ်ချက်မျိုးကိုချမှတ်ဖို့ တောင်းဆိုထားတာကိုထောက်ခံတယ်"ဟု ပြောသည်။

ကုလသမဂ္ဂသည် အာဏာရှင်များဘက်လိုက်ကာ မြန်မာပြည်သူကို အကာအကွယ်မဲ့အနေအထားသို့တွန်းပို့သည်ကို မလိုလားကြောင်းနှင့် အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် နအဖအား လမ်းပြမြေပုံကိုစွန့်လွှတ်၍ တိတိကျကျ သတ်မှတ်ထားသည့် အချိန်ဇယားအတွင်း နိုင်ငံရေးအဖြေတခု စေ့စပ်ဆွေးနွေးယူနိုင်ရန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ချက်ခြင်းဆွေးနွေးရန် မလိုက်နာမနေရ ဆုံးဖြတ်ချက်တခုကိုချမှတ်ပေးရန် ရေးသားထားသည့် ထိုစာကို ပြည်တွင်းမှရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ကိုယ်စားလှယ် (၅) ဦးက ရေးသားခဲ့ကြခြင်းဖြစ်သည်။

အမ်ပီယူ၏ကြေညာချက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ မြန်မာ့အရေးဆိုင်ရာဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့် ပြည်တွင်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅) ဦး၏ တိုက်တွန်းချက်တို့အား ထောက်ခံဖော်ပြထားသည်။ ဦးခွန်မြင့်ထွန်းက "ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၉၀ ရွေးကောက်ပွဲကို အကောင်အထည်ဖော်ပေးဖို့ ဒီနေ့အထိ လေးလေးနက်နက်တိုက်တွန်းခဲ့တယ်။ ဒါပေမယ့် ဘန်ကီမွန်းအပါအဝင် ကုလသမဂ္ဂကိုယ်စားလှယ်များက ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ထုတ်ပြန်ချက်တွေကို ဆန့်ကျင်ပြီးတော့မှ လုပ်နေ၊ ပြောနေတယ်လို့ ခံစားမိတယ်"ဟု ပြောသည်။

ဆက်လက်၍ ကုလသမဂ္ဂကိုယ်စားလှယ်များကိုယ်တိုင်က ကုလသမဂ္ဂ၏ အထွေထွေဆုံးဖြတ်ချက်များနှင့် ဆန့်ကျင်နေခြင်းဖြစ်ကြောင်း ၎င်းတို့မေ့လျော့နေသော ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်များအား ပြန်ပြီး သတိပေးနေခြင်းဟုမြင်ကြောင်းလည်း ဆက်လက်ပြောသွားခဲ့သည်။

အိတ်ဖွင့်ပေးစာကို ရေးသားလက်မှတ်ထိုးသောကိုယ်စားလှယ်များမှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များဖြစ်ကြသော ပူကျင့်ရှင်းထန် (တီးတိန်-(၂)၊ ဇိုမီးအမျိုးသားကွန်ဂရက်) နှင့် ဦးသိန်းဖေ (ကန့်ဘလူ (၁) တသီးပုဂ္ဂလ) တို့ဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် (၃) ဦးဖြစ်သော ဒေါက်တာမြင့်နိုင် (ကန့်ဘလူ-၂)၊ ဦးညီပု (ဂွမြို့) နှင့် ဒေါက်တာတင်မင်းထွဋ် (ပန်းတနော်) တို့ဖြစ်ကြသည်။ ❖

## ကုလသမဂ္ဂ၏ မြန်မာ့အရေးဆောင်ရွက်ချက်များအားနည်းနေမှုတို့အပေါ် ပြည်တွင်းရှိနိုင်ငံရေးလှုပ်ရှားနေသောအဖွဲ့များမှ ကြေညာချက်တစောင်ထုတ်ပြန်

ဇူလိုင် (၃၁) ရက်။

လက်ရှိမြန်မာနိုင်ငံအခြေအနေများ ပြုပြင်ပြောင်းလဲမှုလုပ်ရာတွင် ကုလသမဂ္ဂ၏ ပါဝင်မှုအခန်းကဏ္ဍများမှာ အားနည်းနေကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးအပါအဝင် (၈၈) မျိုးဆက်သစ်ကျောင်းသားများအဖွဲ့နှင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂအဖွဲ့ချုပ်တို့က အချက် (၆) ချက်ပါ ကြေညာချက်တစောင်ကို ပူးတွဲထုတ်ပြန်လိုက်သည်။

"မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂမှ ထိရောက်စွာဆောင်ရွက်နိုင်ရေးတိုက်တွန်းချက်"ဟု ခေါင်းစဉ်တပ်ထားသည့် အဖွဲ့သုံးဖွဲ့၏ပူးတွဲထုတ်ပြန်ချက်တွင် ဇူလိုင်လက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅)ဦးသည် အတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံပေးပို့ခဲ့သည့်စာတွင် ဇင်ဘာဘွေနိုင်ငံမှ သိက္ခာမဲ့သည့်ရွေးကောက်ပွဲရလဒ်ကို ပယ်ချခဲ့သည့်နည်းတူ မြန်မာပြည်ကစစ်အစိုးရ၏ လူထုဆန္ဒခံယူပွဲရလဒ်ကိုလည်း ပယ်ချပါရန် ကုလသမဂ္ဂအားတိုက်တွန်းထားခြင်းကို ထောက်ခံကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

မစ္စတာဂမ်ဘာရီသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေခဲ့သည့်တလျှောက်လုံး စစ်အစိုးရ၏အစီအစဉ်များအတိုင်းသာ လုပ်ဆောင်သွားခဲ့သည့်အပြင် တွေ့ဆုံဆွေးနွေးရေးကိစ္စနှင့်ပတ်သက်၍လည်း မယ်မယ်ရရတိုက်တွန်းပြောကြားခဲ့ခြင်းမရှိကြောင်းနှင့် နောက်ဆုံးခရီးစဉ်အပြီး နိုင်ငံတကာအသိုင်းအဝိုင်းသို့ ရှင်းလင်းပြောကြားရာတွင် လွဲမှားနေသည့် အချက်များပါရှိခဲ့သည်ဟုလည်း အဆိုပါ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ အရှင်ဩဘာသက ကုလသမဂ္ဂအနေနှင့် မြန်မာ့အရေးဆောင်ရွက်ရာမှာ ထိထိရောက်ရောက်ဆောက်ရွက်နိုင်သည့်နည်းလမ်းများရှိသော်လည်း မလုပ်ဆောင်သည့်အတွက် မဖြစ်ကြောင်း၊ ဇင်ဘာဘွေနိုင်ငံတွင် အစိုးရ၏ရွေးကောက်ပွဲအား တရားမဝင်ကြောင်း ကြေညာခဲ့သည့်အတိုင်း မြန်မာစစ်အစိုးရ၏ မတရားသည့်ဆန္ဒခံယူပွဲအားလည်း အလားတူကြေညာလျှင်ဖြစ်ကြောင်း ပြောကြားသည်။

(၈၈) မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုထွန်းမြင့်အောင်ကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးစားပေးဆောင်ရွက်ရန် ကုလသမဂ္ဂကကြိုးစားပေးရန်လိုကြောင်းနှင့် ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲတွင်အရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏အခန်းကဏ္ဍသည် ယနေ့အထိရှိနေသေးကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များထုတ်ပြန်ထားသည့်သဘောထားများကိုလည်း ဒီမိုကရေစီအင်အားစုများအားလုံးနှင့် တသားတည်းထောက်ခံကြောင်းတို့ကို ပြောကြားသည်။

❖

# အဆုံးသတ်တိုက်ပွဲကို ဘယ်လိုဆင်နွှဲမလဲ ....



ဇွန်မှိုင်း

**ရှစ်လေးလုံးရဲ့ မပြီးပြတ်သေးတဲ့ နိုင်ငံရေးတာဝန်တွေကို ဘယ်လိုဆက်လက်သယ်ဆောင်ကြမလဲ။**
**ရှစ်လေးလုံးအရေးတော်ပုံကြီးကပြဋ္ဌာန်းပေးလိုက်တဲ့ ဒီနေ့ကာလ ကျနော်တို့အားလုံးရဲ့ လုပ်ငန်းတာဝန်တွေက ဘာတွေလဲ။**
**ဒီတာဝန်တွေကို အဓိကအားဖြင့် ဘယ်တိုက်ပွဲသဏ္ဍာန်တွေနှင့် ဆက်လက်တိုက်ပွဲဆင်ကြမလဲ။**

(၁)

ရှစ်လေးလုံး ဒီမိုကရေစီ လူထုအရေးတော်ပုံကြီး ဖြစ်ပွားပေါ်ပေါက်ခဲ့တာ ဒီနှစ် ဩဂုတ်လ (၈) ရက်နေ့မှာ နှစ် (၂၀) တင်းတင်း ပြည့်သွားပြီ။

ဒီ နှစ် (၂၀) ပြည့်နေ့မှာ ....

နိုင်ငံရေးသမားတွေကြားမှာ ....

နိုင်ငံရေးအင်အားစုတွေကြားမှာ ....

နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေကြားမှာ ....

လူထုတွေကြားမှာ ....

သတင်းစာသမားတွေကြားမှာ ....

ရုပ်သံ၊ ရေဒီယို၊ အင်တာနက်စာမျက်နှာစတဲ့ မီဒီယာတွေကြားမှာ....

ရှစ်လေးလုံးအရေးတော်ပုံကြီးနှင့် ပတ်သက်ပြီး အလေးအနက်သုံးသပ်ခဲ့ကြတာတွေ၊ တွေ့ရကြားရပါတယ်။

မေးခွန်းတွေ အမျိုးမျိုးထုတ်ကြည့်ကြတယ်။ ဝမ်းသာပါတယ်။ ဒီအရေးတော်ပုံကြီးအပေါ် ဒီလိုအလေးအနက်ပြုကြတာ၊ ပြုနေကြတာဟာ ဝမ်းသာစရာကောင်းတဲ့ကိစ္စ ဖြစ်ပါတယ်။

အဲ့ဒီအထဲက မေးခွန်းတချို့ကို ကျနော်လည်း အင်မတန်စိတ်ဝင်စားမိပါတယ်။

မေးခွန်းတွေက ဒီလိုပါ။

ဒီအရေးတော်ပုံကြီးက ကျနော်တို့ ဘာတွေရရှိခဲ့ကြသလဲ။

ဒီအရေးတော်ပုံကြီးမှာ ကျနော်တို့ဘာတွေဆုံးရှုံးခဲ့ကြသလဲ။

လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် လူထုတရပ်လုံးဟုန်းဟုန်းထ အုံကြွလှုပ်ရှားခဲ့ကြပါလျက်နှင့် အပြီးသတ်အောင်ပွဲကို ဘာကြောင့် မဆင်ခဲ့နိုင်တာလဲ။

ကျနော်တို့ရဲ့အဓိကအားနည်းချက်က ဘယ်နေရာလဲ။

ရှစ်လေးလုံးကပေးလိုက်တဲ့ အောင်သီးအောင်ပွင့်တွေကို ကျနော်တို့ဘယ်လောက်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သလဲ။ ဘယ်လောက် ဆက်လက်တိုးချဲ့ပြီး ပွားစီးအောင် လုပ်နိုင်ခဲ့ပြီလဲ။

ဒီနေ့ကာလ နိုင်ငံရေးအခြေအနေ (နိုင်ငံရေးဒီရေ) ဟာ အကျပိုင်းလား၊ အတက်ပိုင်းလား။

ရှစ်လေးလုံးရဲ့ မပြီးပြတ်သေးတဲ့ နိုင်ငံရေးတာဝန်တွေကို ဘယ်လို ဆက်လက်သယ်ဆောင်ကြမလဲ။

ရှစ်လေးလုံးအရေးတော်ပုံကြီးကပြဋ္ဌာန်းပေးလိုက်တဲ့ ဒီနေ့ကာလ ကျနော်တို့အားလုံးရဲ့ လုပ်ငန်းတာဝန်တွေက ဘာတွေလဲ။

ဒီတာဝန်တွေကို အဓိကအားဖြင့် ဘယ်တိုက်ပွဲသဏ္ဍာန်တွေနှင့် ဆက်လက်တိုက်ပွဲဆင်ကြမလဲ။ စသည့် ....စသည့် မေးခွန်းများ။

မေးခွန်းတွေကိုကြည့်ရုံနှင့်တင် ဒီအရေးတော်ပုံကြီးအပေါ်မှာ ဘယ်လောက်လေးနက်ကြတယ်။ ဘယ်လောက် အားထားကြတယ်။ ဒီကနေ့ကာလ တိုက်ပွဲတွေအတွက် ဒီအရေးတော်ပုံကြီးက ဘယ်လောက်ဩဇာကြီးသလဲဆိုတာ ခန့်မှန်းတွက်ဆလို့ ရနိုင်လောက်ပါတယ်။

ဒီမေးခွန်းတွေကို ကျနော်တို့ဝိုင်းပြီး ဖြေကြည့်ကြရအောင်ဗျာ။

(၂)

ဒီအရေးတော်ပုံကြီးမှာ ကျနော်တို့ ဘာတွေဆုံးရှုံးခဲ့ရသလဲ။

ရင်ဆိုင်နေရတဲ့ရန်သူဟာ မဆလ တပါတီအာဏာရှင်စနစ်လည်းဖြစ်ပြီး စစ်ဗျူရိုကရက်ယန္တရားကို အခိုင်အမာတည်ဆောက်ထားတဲ့ စစ်အာဏာရှင်စနစ်လည်းဖြစ်ပါတယ်။ ဒီပွဲဟာ သာမာန်ပွဲတပွဲ မဟုတ်တော့ဘူး။

ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို အပြည့်အဝရယူပိုင်ဆိုင်ချင်တဲ့ လူမျိုးစုံ မြန်မာပြည်သူလူထုကြီးကတဖက်၊ စစ်အာဏာ၊ စစ်ဗျူရိုကရက်ယန္တရားကို အခိုင်အမာတည်ဆောက်ထားလိုတဲ့ စစ်အုပ်စုလက်တဆုပ်စာကတဖက် ဖြစ်ပွားခဲ့ကြရတဲ့ အာဏာဆိုင်ရာ အဆုံးအဖြတ်တိုက်ပွဲကြီး ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဗိုလ်နေဝင်းဦးဆောင်တဲ့ စစ်အုပ်စုဟာ ....

စစ်အာဏာရှင်တို့ရဲ့သဘာဝအတိုင်း သူ့အာဏာထိပါးလာမှုကို မီးကုန်ယမ်းကုန် ကာကွယ်တယ်။

ပရိယာယ်မျိုးစုံ နည်းစုံလမ်းစုံသုံးပြီး အသည်းအသန် ကာကွယ်ခဲ့တယ်။

ဒါကြောင့်လည်း ဒီအရေးတော်ပုံကြီး အတွင်းမှာ ကျနော်တို့ပြည်သူတွေဘက်က အရင်းအနှီးတွေ အများကြီးပေးလိုက်ရတယ်။

ထောင်ချီပြီး အသက်တွေပေးခဲ့ကြရတယ်။ ထောင်ချီပြီး အကျဉ်းထောင်တွေထဲ ရောက်ခဲ့ကြရတယ်။ ထောင်သောင်းချီပြီး လက်နက်ကိုင်တော်လှန်နယ်မြေတွေဆီ အိုးအိမ်တွေပစ်ပြီး ထွက်ခွာခဲ့ကြရတယ်။

ကျနော်တို့ ဘာတွေရလိုက်သလဲ။

မဆလတပါတီအာဏာရှင်စနစ်ကို ဖြုတ်ချဖျက်သိမ်းပစ်လိုက်နိုင်တယ်။

ပြည်သူတွေ ညီညီညွတ်ညွတ်နှင့် အခုလိုပဲ လူထုတိုက်ပွဲဆင်နိုင်ရင် အခုလိုပဲ အောင်ပွဲဆင်နိုင်တယ်ဆိုတဲ့ တိုက်ပွဲလက်တွေ့က ပေးလိုက်တဲ့အသိကို ရရှိခဲ့တယ်။

နိုင်ငံရေးပါတီများတည်ထောင်ဖွဲ့စည်းခွင့်နှင့် နိုင်ငံရေးလှုပ်ရှားခွင့်တစုံတရာရရှိတဲ့ ဒီမိုကရေစီဝန်းကျင်တခုကို ရရှိခဲ့ပါတယ်။

(၃)

ကျနော်တို့က မဆလတပါတီအာဏာရှင်စနစ်ကို ဖြုတ်ချဖျက်သိမ်းပစ်လိုက်နိုင်ပေမယ့် စစ်အာဏာရှင်စနစ်ကိုတော့ မဖျက်သိမ်းလိုက်နိုင်ပါဘူး။

ဒီလောက် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တပြည်လုံးအုံကြွတော်လှန်ခဲ့ကြတာတောင် ဘာကြောင့် အဆုံးသတ်အောင်ပွဲမခံနိုင်ခဲ့တာလဲ။ အဓိကအားနည်းချက်က ဘယ်နေရာလဲ။

ဒီမေးခွန်းကို ခင်ဗျားဘယ်လိုဖြေမလဲ။

လူထုရဲ့ညီညွတ်မှုဟာ မလုံလောက်ခဲ့ဘူးလား။

လူထုရဲ့ရဲရင့်မှုကရော ဘယ်နေရာမှာ မလုံမလောက်ဖြစ်နေခဲ့လို့လဲ။

ကျနော့်အမြင်ကတော့ လူထုဘက်က အများကြီးကို လုံလောက်ခဲ့ပါတယ်။

အဓိကအားနည်းချက်က လူထုဘက်မှာ မဟုတ်ပါဘူး။ အဲ့ဒီကာလတိုက်ပွဲအတွင်းက ခေါင်းဆောင်စုဘက်မှာ ဖြစ်ပါတယ်။

“တပါတီစနစ်ဖျက်သိမ်းရေး”

“ပါတီစုံ စနစ်ကျင့်သုံးရေး”

“ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး”ဆိုတဲ့ လူထုရဲ့ တခဲနက်ကြွေးကြော်တောင်းဆိုသံတွေကို အချိန်ကိုက် ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ဆိုရင် ....

အခြေအနေအရပ်ရပ်က ဆောင်ရွက်နိုင်လောက်အောင် လုံလောက်ရမှာဖြစ်သလို၊ ခေါင်းဆောင်စုရဲ့တညီတညွတ်တည်း တီထွင်မှုရှိရှိ၊ ပိုင်းဖြတ်မှုရှိရှိ ရဲဝံ့တည်ကြည်စွာ ဆောင်ရွက်နိုင်စွမ်းကလည်း အလွန်ကိုပဲအခ ရာကျပါတယ်။

အဲ့ဒီကာလမှာ ....

ကျနော်တို့ရရှိနေတဲ့အခြေအနေတွေဟာ တစုံတရာတော့ ပြည့်စုံနေပြီလို့ ပြောမယ်ဆိုရင် ပြောနိုင်မယ်ထင်ပါတယ်။

ဒါပေမယ့် ဒီအခြေအနေတွေကို အမိအရယူနိုင်လောက်တဲ့ အဆင်သင့်ဖြစ်မှုမျိုးတော့ အဲ့ဒီကာလခေါင်းဆောင်မှုမှာ လုံလုံလောက်လောက်မရှိခဲ့ကြဘူးလို့ ကျနော်သုံးသပ်ချင်တယ်။

ဒါဟာ အဓိကကျသော အကြောင်းတကြောင်းလို့ ကျနော်မြင်တယ်။

နောက် .... အရင်းခံကျတဲ့ အခြားအကြောင်းတကြောင်းကတော့ .... ကျနော်တို့ရင်ဆိုင်နေရတဲ့ရန်သူဟာ အလွန်ခေါင်းမာ၊ အလွန်ရက်စက်၊ အလွန်ရူးသွပ်တဲ့ စစ်အာဏာရှင်ဖြစ်နေတဲ့ကိစ္စ ဖြစ်ပါတယ်။

ဒါကြောင့် စစ်အုပ်စုဟာ ကျနော်တို့ရဲ့ဟာနေတဲ့ကွက်လပ်ကနေ အရက်စက် အရမ်းကားဆုံး ပစ်ခတ်ဖြိုခွင်းပြီး စစ်အာဏာသိမ်းခြင်းဖြင့် ကျနော်တို့တိုက်ပွဲကို ယာယီအားဖြင့်တန့်ရပ်သွားအောင် လုပ်ဆောင်သွားနိုင်တာဖြစ်ပါတယ်။

စစ်အုပ်စုကို ကြောက်စရာ လုံးလုံးမလိုဘူးဆိုပေမယ့် အရမ်းမဲ့အထင်သေးလို့တော့ မသင့်ဘူးဆိုတဲ့အချက်ကို ဒီအချက်က သက်သေပြတယ်လို့ သဘောရပါတယ်။

(၄)

တိုက်ပွဲရလဒ်တွေကို ကျနော်တို့ဘယ်လို တိုးချဲ့ခဲ့နိုင်သလဲ။

နိုင်ငံရေးပါတီတွေ ပေါ်လာတယ်။

၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဆိုတာ ပေါ်လာတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဆိုတာပေါ်လာတယ်။

မကဒတ ကျောင်းသားတပ်မတော်ဆိုတာ ပေါ်လာတယ်။

ပြည်တွင်းမှာ၊ နယ်စပ်မှာ၊ နိုင်ငံတကာမှာ အတိုက်အခံအင်အားစုတွေ အင်နှင့်အားနှင့်ပေါ်လာတယ်။

နိုင်ငံတကာရဲ့ အာရုံစိုက်မှု၊ စာနာမှု၊ ထောက်ခံဝန်းရံမှုတွေ ပေါ်လာတယ်။

ရှစ်လေးလုံးအရေးတော်ပုံရဲ့ မပြီးပြတ်သေးတဲ့တိုက်ပွဲတွေကို ပွဲဆက်ကြရလိမ့်မယ်ဆိုတဲ့သံဓိဋ္ဌာန်တွေပေါ်လာတယ်။

စစ်အာဏာရှင်စနစ်ကို အကုန်အစင်မဖျက်သိမ်းနိုင်သေးသ၍ ရှေ့ကိုဘာမှဆက်လို့မရနိုင်တော့တာမို့ မဖြစ်မနေ စစ်အာဏာရှင်စနစ်ကို အကုန်အစင်ဖျက်သိမ်းပစ်ရမယ်ဆိုတဲ့ နိုင်ငံရေးပိုင်းဖြတ်မှုတွေပေါ်လာတယ်။

ဒါတွေဟာ .... ရှစ်ဆယ့်ရှစ်အရေးတော်ပုံကြီးရဲ့ရလဒ်တွေကနေ ဆင့်ပွားပေါ်ထွန်းလာတဲ့ ရရှိချက်အသစ်တွေဖြစ်တယ်လို့ ကျနော်မြင်တယ်။

ဒီနေ့ကာလ နိုင်ငံရေးအခြေအနေ (နိုင်ငံရေးဒီရေ) ဟာ အကျပိုင်းလား၊ အတက်ပိုင်းလား။

ကျနော့်အမြင်အရဆိုရင် ဒီမေးခွန်းက မေးဖို့မလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ရှစ်ဆယ့်ရှစ်အရေးတော်ပုံကြီးရဲ့ ရလဒ်တွေကနေ ဆင့်ပွားပေါ်ထွန်းလာတဲ့ ရရှိချက်အသစ်တွေလည်းရှိနေပြီ။

လူထုတိုက်ပွဲတွေကလည်း မနားတမ်းပေါ်ပေါက်နေတယ်။

တိုက်ပွဲအတွေ့အကြုံတွေနှင့် ထက်သန်နေတဲ့ မျိုးဆက်သစ်တွေလည်း တပွဲပြီးသွားတိုင်းပြီးသွားတိုင်း အသစ်အသစ်တွေပေါ်ပေါက်နေတဲ့ ဒီနေ့လိုကာလမျိုးမှာ စစ်အုပ်

စာမျက်နှာ (၁၄) ကော်လံ (၄) သို့ ....

# အမေရိကန်သမတက မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးအတွက် တရုတ်နိုင်ငံပါဝင်လာရေးကို ကြိုးပမ်းဆောင်ရွက်မည်ဟုပြောဆို



အမေရိကန်သမတနှင့်တရုတ်သမတ

ဩဂုတ် (၇) ရက်။

အမေရိကန်သမတ (George W. Bush) က မြန်မာနိုင်ငံဒီမိုကရေစီအပြောင်းအလဲ ပေါ်လာစေရေး တရုတ်ခေါင်းဆောင်များမှတဆင့် ဖိအားပေးနိုင်ရေးကို ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားလိုက်သည်။

ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၏နေအိမ်တွင် မြန်မာဘာသာနှင့်အသံလွှင့်သော သတင်းဌာနများမှ သတင်းထောက်များနှင့် သီးသန့်တွေ့ဆုံစဉ်တွင် မစ္စတာဘုရှ်က "တရုတ်ခေါင်းဆောင်များနဲ့ကျနော် တွေ့ဆုံပြောဖြစ်တဲ့အခါ မြန်မာနိုင်ငံအရေးကို အကြိမ်ကြိမ်ပြောဆိုဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ထောင်တွေအတွင်းရောက်ရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကိစ္စကို ကျနော်တို့အလေးထားပါတယ်။ ကျနော်တို့ မြန်မာ့အရေးကို အလေးထားတယ်ဆိုတာ မြန်မာပြည်သူတွေကိုလည်းအကြောင်းကြားတယ်။ မြန်မာအရေးကို နိုင်ငံတကာအတိုင်းအတာအနေနဲ့ ဆက်ပြီးဖိအားပေးသွားနိုင်အောင်လည်း ကျနော်တို့ကြိုးစားမယ်။ ဒါကတစိုက်မတ်မတ် ဆက်လက်လုပ်ဆောင်သွားမယ့် လုပ်ငန်းစဉ်ဖြစ်တယ်ဆိုတာကိုပြောချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေနှင့် စစ်အစိုးရအားပြင်းထန်သောဖိအားပေးသည့် မူဝါဒများကျင့်သုံးနေခြင်းကြောင့် စစ်အစိုးရက အမေရိကန်ပြည်ထောင်စု၏ တိုက်တွန်းချက်များကိုအလေးထားတုံ့ပြန်ခြင်းမပြုခြင်းဖြစ်ကြောင်း ဝေဖန်ထားမှုများနှင့်ပတ်သက်၍လည်း "ကျနော်စိုးရိမ်တာတခုက မြန်မာစစ်ဗိုလ်ချုပ်တွေဟာ လက်ရှိဖြစ်ပျက်နေတဲ့အခြေအနေကို အရှိကို၊ အရှိအတိုင်း မသိဘူးဆိုတာပါပဲ။ သူတို့ရဲ့တုံ့ပြန်ချက်တွေက အမေရိကန်ပြည်ထောင်စုနဲ့ မြန်မာစစ်အစိုးရရဲ့ဆက်ဆံရေးကြောင့်မဟုတ်ပါဘူး။ အကူအညီတွေကို လက်မခံဘဲငြင်းဆိုခဲ့တာဟာလဲ မြန်မာပြည်မှာကြုံနေရတဲ့ ပကတိအခြေအနေတွေကို စစ်ဗိုလ်ချုပ်တွေမသိတဲ့အတွက်ပါ"ဟု ရှင်းလင်းခဲ့သည်။

ထို့နောက် ၎င်းအနေနှင့် အမေရိကန်သမတအဖြစ်တာဝန်ထမ်းဆောင်ရန် (၆) လကျန်ပါသေးကြောင်း၊ ၎င်းအနေနှင့် လူများကြုံတွေ့ခံစားနေရသော ဘေးဒုက္ခအပေါ်မှ သက်သာရာရစေရန်သာဖြစ်ကြောင်း၊ မြန်မာပြည်တွင်းရှိပြည်သူများအား ကူညီနိုင်မည့်နည်းလမ်းများကို ရှာရန်ဖြစ်ကြောင်းနှင့် စစ်အစိုးရနှင့်အမေရိကန်တို့၏ ဆက်ဆံရေးပြောင်းလဲ၍ မြန်မာပြည်သူများအား ကူညီနိုင်မည့် ဦးတည်ချက်များ ပြည့်ဝလာမည်ဆိုပါက ထိုကိစ္စကို သူ့အနေနှင့် အလေးအနက်စဉ်းစားပေးမည်ဖြစ်ကြောင်းတို့ကို ဆက်လက်ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံအရေးဆောင်ရွက်ရာ၌ နိုင်ငံတကာမှ တူညီသည့်တုံ့ပြန်မှုများရရှိရေး၊ အထူးသဖြင့် အိမ်နီးချင်းတရုတ်နိုင်ငံအား စစ်အစိုးရအပေါ် ဖိအားပေးလာအောင် နားချရန်ဆိုသည်မှာ အများကြီးလုပ်ဆောင်ရဦးမည်ဖြစ်ပြီး တရုတ်ခေါင်းဆောင်များနှင့်အမေရိကန်နိုင်ငံ ဆက်ဆံရေးကောင်းမွန်လာမှုမှတဆင့် နားချသွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း သမတဘုရှ်ကပြောကြားသွားသည်။

နာဂစ်မုန်တိုင်းဘေးကယ်ဆယ်ရေးနှင့်ပတ်သက်၍ အမေရိကန်မှ လာရောက်ကူညီမည်ဟု မျှော်လင့်ခဲ့ကြသည်နှင့်ပတ်သက်၍ သတင်းထောက်များကမေးမြန်းရာတွင် "အခြေခံအားဖြင့် ကျနော်တို့က ဒီမှာ အကူအညီတွေရနိုင်ဖို့ အခွင့်အလမ်းတွေရှိတယ်ဆိုတာကို အကြောင်းကြားခဲ့တာပါ။ စစ်အာဏာရှင်တွေဘက်က အကူအညီတွေကို မြန်မြန်ဆန်ဆန်လက်မခံခဲ့တဲ့အတွက် စိတ်ပျက်မိတယ်" ဟုပြောကြားခဲ့သည်။ ဆက်လက်၍ "ဒီအကူအညီတွေအပေါ်မှာအခြေခံပြီး ပဋိပက္ခတွေဖြစ်ခဲ့မယ်ဆိုရင် မြန်မာပြည်သူတွေကို ကူညီရာမရောက်ဘူးလို့မြင်ပါတယ်။ ကျနော်တို့က စစ်ဘက်၊ အရပ်ဘက်တွေကို ပြည်ဝင်ခွင့်မရှိလည်း ဝင်ဆိုပြီး လွှတ်လိုက်တာမျိုး၊ လက်ရှိအခြေအနေကနေ ပိုပြီး ဆိုးဝါးသွားတာမျိုးတွေမဖြစ်စေချင်ပါဘူး။ အခြေအနေပိုဆိုးဖို့ထက် ပိုကောင်းမယ့်နည်းလမ်းကို သုံးခဲ့တာပါ"ဟု ပြောခဲ့သည်။ ❖

# အာဆီယံနိုင်ငံများအနေဖြင့် မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် ပိုမိုဆောင်ရွက်သင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြောဆို

ဇူလိုင် (၂၄) ရက်။

စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သော အာဆီယံဒေသတွင်းလုံခြုံရေးအစည်းအဝေးတွင် အာဆီယံအနေဖြင့် မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် ပိုမိုလုပ်ဆောင်သင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား တိုက်တွန်းပြောကြားချက်အား မြန်မာ့ဒီမိုကရေစီအင်အားစုများက ကြိုဆိုလိုက်သည်။

အဲန်အယ်လ်ဒီပါတီ၏ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက "ကွန်ဒိုလီဇာရိုက်စ်ပြောတာကတော့ ကျနော်တို့အတိုက်အခံပါတီ၊ ဒီမိုကရေစီရေးလှုပ်ရှားသူတွေအားလုံးလိုချင်တဲ့ အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်တဲ့ စကားတွေလို့မြင်ပါတယ်"ဟု ပြောဆိုသည်။ ဤသို့တိုက်တွန်းလိုက်ခြင်းအားဖြင့် မူလအစကချမှတ်ထားခဲ့သည့် မူဝါဒများကို ပြုပြင်ပြောင်းလဲမည့်သဘောထားများ ပေါ်ပေါက်လာနိုင်ရန် မျှော်လင့်ကြောင်းလည်း ဆက်လက်ပြောခဲ့သည်။

ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားများအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူဖြစ်သည့် ကိုထွန်းမြင့်အောင်ကလည်း "အမေရိကန်က နိုင်ငံတခုချင်းအနေနဲ့ရော လုံခြုံရေးကောင်စီ၊ အာရှနိုင်ငံများအနေနဲ့ပါ နည်းလမ်းမျိုးစုံနဲ့လွှတ်မြောက်ရေး၊ လူ့အခွင့်အရေးအတွက် တလျှောက်လုံးလုပ်လာခဲ့တဲ့အတွက် ဝမ်းသာအားရဖြစ်မိတယ်။ ကျေးဇူးတင်ပါတယ်"ဟု ပြောဆိုခဲ့သည်။

အာဆီယံအဖွဲ့အနေဖြင့် မြန်မာစစ်အုပ်စုကို ကိုင်တွယ်ရခက်ပြီး အာဆီယံအဖွဲ့ထဲတွင် အရှုပ်ထုပ်အဖြစ်ရှိနေသည်ကို သိရှိသော်လည်း ထိရောက်သည့်ဖြေရှင်းမှုမျိုးမရှိဘဲ မိမိတို့၏ကိုယ်ကျိုးစီးပွားပေါ်တွင်သာ ပိုမိုအလေးထားဂရုစိုက်လျက်ရှိခြင်းနှင့် အာဆီယံနိုင်ငံများအနေနှင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတို့အပေါ်တန်ဖိုးထားမှုတွင် လျော့နည်းလျက်ရှိနေသည်ဟု မြင်ကြောင်းလည်း ကိုထွန်းမြင့်အောင်က ဝေဖန်သုံးသပ်ခဲ့သည်။

ယခုမြန်မာနိုင်ငံအတွင်းဖြစ်ပျက်နေသည့်ပြဿနာများပြေလည်ရေးတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွှတ်မြောက်ရေးသည် အဓိကအချက်အဖြစ်ပါဝင်နေပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော် မေလအတွင်းက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ်သက်တမ်း (၁) နှစ် ထပ်မံတိုးလိုက်ခြင်းကြောင့် လွန်စွာမှပင်စိတ်ပျက်မိကြောင်းကိုလည်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဂျော့ယိုးက ပြောဆိုခဲ့သည်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး
ကွန်ဒိုလီဇာရိုက်

စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သော အာဆီယံဒေသတွင်းလုံခြုံရေးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နအဖစစ်အုပ်စု၏ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက လူ့အခွင့်အရေးကော်မတီဖွဲ့စည်းမှုပါဝင်သည့် အာဆီယံပဋိညာဉ်တွင် စစ်အစိုးရကိုယ်စား လက်မှတ်ရေးထိုးခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ၏ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက "အာဆီယံအသိုင်းအဝန်းမှာ လူ့အခွင့်အရေးကို လူတိုင်းခံစားဖို့နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကသဘောတူတာကို ကျနော်တို့ကျေနပ်ပါတယ်။ လက်မှတ်ထိုးရုံတင်မက တကယ်အကောင်အထည်ဖော်ဖို့က ပိုအရေးကြီးတယ်လို့မြင်ပါတယ်။ အာဆီယံအဖွဲ့ကိုလည်း စီးပွားရေးအဖွဲ့အစည်းအပြင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို ဦးစားပေးဆောင်ရွက်တဲ့အဖွဲ့အစည်းတခုအဖြစ် ဖြစ်ပေါ်စေချင်ပါတယ်"ဟုပြောခဲ့ကြောင်း သိရသည်။ ❖

# မြန်မာပြည်မှကျောက်မျက်ရတနာများအား ပြည်ပသို့ တင်သွင်းခွင့်ပိတ်ပင်သည့်ဥပဒေကို သမတ ဂျော့ဒဗလျူဘုရှ်မှ အတည်ပြုလက်မှတ်ရေးထိုး



အမေရိကန်သမတမှကျောက်မျက်တင်သွင်းခွင့်ပိတ်ပင်သည့်ဥပဒေအားလက်မှတ်ရေးထိုးစဉ်

ဇူလိုင် (၂၉) ရက်။

မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာများအား တတိယနိုင်ငံများမှတဆင့် အမေရိကန်ပြည်ထောင်စုသို့တင်သွင်းမှုအား တားမြစ်သည့်ဥပဒေပါဝင်သော ဥပဒေအား သမတဘုရှ်က ဇူလိုင်လ (၂၃) ရက်၊ ဗုဒ္ဓဟူးနေ့က လက်မှတ်ရေးထိုးအတည်ပြုလိုက်သည်။

နအဖစစ်အုပ်စုက မြန်မာပြည်သူလူထုအပေါ် ဖိနှိပ်နေမှုများအား ဆန့်ကျင်ကန့်ကွက်သည့်အနေနှင့်လည်းကောင်း၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဥပဒေမဲ့ဆက်လက်ဖမ်းဆီးထားသည့်အတွက်လည်းကောင်း လွန်ခဲ့သော (၅) နှစ်ကစ၍ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများတင်သွင်းမှုကို အမေရိကန်မှပိတ်ပင်ထားခြင်းအား သမတဘုရှ်က ပြီးခဲ့သည့်သီတင်းပတ် ဗုဒ္ဓဟူးနေ့ကလက်မှတ်ထိုး၍ သက်တမ်းတိုးခြင်းနှင့်အတူ ထိုကျောက်မျက်ဥပဒေကိုပါ အတည်ပြုလိုက်ခြင်းဖြစ်သည်။

လက်မှတ်ထိုးပွဲမတိုင်မီတွင် သမတဘုရှ်က "မြန်မာစစ်အစိုးရသိထားဖို့ ကျနော်တို့ပြောချင်တာက အမေရိကန်ပြည်ထောင်စုဟာ ဒီမိုကရေစီနဲ့လွတ်လပ်မှုကို ယုံကြည်တယ်ဆိုတာပါပဲ"ဟု ပြောခဲ့သည်။

မြန်မာနအဖစစ်အုပ်စုသည် ကျောက်စိမ်းနှင့်ပတ္တမြားတင်ပို့ရောင်းချမှုမှ တနှစ်လျှင် အမေရိကန်ဒေါ်လာ သန်းပေါင်း (၃၀၀) ခန့်ဝင်ငွေရှိနေကြောင်း ခန့်မှန်းသိရှိရသည်။ ယခုထုတ်ပြန်အတည်ပြုလိုက်သောဥပဒေသည် မြန်မာ့ကျောက်စိမ်းအား အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းမှုအား တားမြစ်သည့်ဥပဒေသာမက မြန်မာစစ်အုပ်စုနှင့် ပူးပေါင်း၍ စီးပွားရေးအမြတ်ထုတ်နေသူများ၏ ငွေကြေးပိုင်ဆိုင်မှုများအား ထိန်းချုပ်ခြင်းကို သမတကိုယ်တိုင်ဆောင်ရွက်နိုင်ရေး၊ အမေရိကန်သမတခန့်အပ်သော မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်ထားရှိရေး၊ မြန်မာနိုင်ငံဒီမိုကရေစီရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများအား အမေရိကန်အစိုးရက တိုးပေးရေးတို့ပါဝင်သည်။

အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ် ဒေနာပရီနိုက ပိတ်ဆို့အရေးယူမှုများသည် ပြည်သူများအားဖိနှိပ်နေသောအစိုးရကို ဖိအားတိုးပေးရန်ဖြစ်ကြောင်းနှင့် ပြည်သူများအားထိခိုက်စေရန်မဟုတ်ကြောင်း၊ ထို့ကြောင့် ဖိနှိပ်ခံနေရသောနိုင်ငံများက ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီမှုများအား အမေရိကန်က ရက်ရောစွာပေးနေခြင်းဖြစ်ကြောင်းတို့ကို ထည့်သွင်းပြောကြားသွားခဲ့သည်။

ထိုလက်မှတ်ရေးထိုးပွဲသို့ သမတကတော် လော်ရာဘုရှ်နှင့် လွှတ်တော်အမတ်အချို့တက်ရောက်ခဲ့ကြသည်။ ထို့အပြင် မြန်မာ့ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတိုးတက်ရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်သွားခဲ့သော ကွယ်လွန်သူ လွှတ်တော်အမတ်တွန်လန်းတိုစ်၏ မိသားစုဝင်များလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပိတ်ပင်ရေး ၂၀၀၈ ဥပဒေကို သမတက လက်မှတ်ရေးထိုးပြီးနောက် ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းကုမ္ပဏီများအပါအဝင် စစ်အုပ်စု၏မိသားစုဝင်များ ထိန်းချုပ်ထားသော ကုမ္ပဏီ (၁၀) ခုတို့အား ငွေကြေးဆိုင်ရာဒဏ်ခတ်လိုက်ကြောင်း အမေရိကန်အစိုးရဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံးအဖွဲ့မှ ဇူလိုင် (၂၉) တွင် ထိုကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုပိတ်ဆို့မှုတွင် မြန်မာ့စီးပွားရေးဦးပိုင်၏ လက်ခွဲကုမ္ပဏီလေးခုဖြစ်သည့် မြန်မာ့ပတ္တမြားအင်တာပရိုက်စ်၊ မြန်မာအင်ပါရီယယ်ကျောက်စိမ်းကုမ္ပဏီလီမိတက်နှင့် မြဝတီဘဏ်လီမိတက်တို့သည်လည်း အမေရိကန်အဖွဲ့အစည်းများနှင့် စီးပွားရေးမလုပ်ရန် နာမည်ပျက်ပုဂ္ဂိုလ်စာရင်းတွင် ထည့်သွင်းထားသည်။ ထို့အပြင် မြန်မာ့သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ခံ အမှတ် (၁)၊ (၂) နှင့် (၃) တို့နှင့်တကွ သမဝါယမဝန်ကြီးဌာနလက်အောက်ခံ သွင်းကုန်ထုတ်ကုန်လုပ်ငန်းလည်း ပါဝင်ကြောင်းသိရသည်။

အဆိုပါ ငွေကြေးပိတ်ဆို့မှုဥပဒေသစ်အရ အမေရိကန်တရားစီရင်ရေးကသတ်မှတ်ထားသော အမေရိကန်နိုင်ငံသားများ၊ အမေရိကန်အဖွဲ့အစည်းများနှင့် စီးပွားရေးမလုပ်ရန် နာမည်ပျက်ပုဂ္ဂိုလ်အဖွဲ့စာရင်းဝင်အားလုံး၏ ပိုင်ဆိုင်မှုအားလုံးကို ပိတ်ဆို့ထားမည်ဖြစ်သည့်အပြင် ၎င်းတို့နှင့် မည်သည့်အမေရိကန်နိုင်ငံသား၊ မည်သည့်အမေရိကန်လုပ်ငန်းအေဂျင်စီများမဆို ဘဏ္ဍာရေးအရဖြစ်စေ ကူးသန်းရောင်းဝယ်မှုအရဖြစ်စေ တားမြစ်ထားကြောင်းလည်းသိရသည်။ ❖

နအဖစစ်အစိုးရအတွင်း အပြောင်းအလဲတချို့ကို နအဖစစ်ကောင်စီက ဇွန်လ (၂၀) ရက်နေ့ရက်စွဲနဲ့ ထုတ်ပြန်ကြေငြာခဲ့ပါတယ်။ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းကို အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီးအဖြစ် ပြောင်းလဲခန့်အပ်ခဲ့ပြီး အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်ကိုတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီးအဖြစ် ပြောင်းလဲခန့်အပ်ကြောင်း နအဖစစ်ကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးရဲ့လက်မှတ်နဲ့ ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ တချိန်တည်းလောက်မှာပဲ မြန်မာ့တပ်မတော်ရဲ့ ထိပ်ပိုင်းရာထူးတချို့မှာလည်း အပြောင်းအလဲတွေ ပြုလုပ်ခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် တပ်မတော်အတွင်းက အပြောင်းအလဲတွေကိုတော့ နအဖစစ်အစိုးရက တရားဝင်ထုတ်ပြန်လေ့မရှိပါဘူး။

အစိုးရအဖွဲ့ဝင်တွေနဲ့ အရပ်ဘက်ဝန်ထမ်းအကြီးအကဲတွေရဲ့ ခန့်အပ်၊ ပြောင်းလဲ၊ ထုတ်ပယ်မှုတွေကို အစိုးရဂေဇက် (Gazette) တွေမှာ ဖော်ပြကြေညာပေးရတဲ့သဘောသဘာဝရှိပေမယ့် တပ်မတော်အတွင်းက ခန့်အပ်၊ ပြောင်းလဲ၊ထုတ်ပယ်မှုတွေကိုတော့ MS Order အနေနဲ့ တပ်မတော်အတွင်းမှာသာ ကန့်သတ်ပြီး ထုတ်ပြန်လေ့ရှိတာကို တွေ့ရပါတယ်။

အခုတကြိမ်ပြုလုပ်ခဲ့တဲ့ နအဖတပ်တွင်းကအပြောင်းအလဲတွေမှာ နအဖစစ်ကောင်စီအဖွဲ့ဝင် ထိပ်တန်းဒုတိယဗိုလ်ချုပ်ကြီး (၅) ဦးကို တာဝန်တွေက အနားပေးလိုက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးတဦးကိုတော့ ဝန်ကြီးအဖြစ်ပြောင်းရွှေ့ခန့်အပ်ခဲ့တာ တွေ့ရပါတယ်။ လက်ရှိတာဝန်တွေက အနားပေးခံခဲ့ရတဲ့ ဒုတိယဗိုလ်ချုပ်ကြီးတွေကတော့ ကာကွယ်ရေးဝန်ကြီးဌာန အမှတ် (၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အမှတ်(၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ အမှတ်(၃) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့ ဖြစ်ကြပြီးဝန်ကြီးအဖြစ်နဲ့ ပြောင်းရွှေ့တာဝန်ပေးခံရသူကတော့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းဖြစ်ပါတယ်။ သူတို့ရဲ့နေရာတွေမှာ စစ်တိုင်းမှူး (၅) ဦးနဲ့ စစ်ဦးစီးအရာရှိချုပ် (ရေ) တို့ကို ချက်ခြင်းအစားထိုးခန့်အပ်ခဲ့တာကိုလည်းတွေ့ရှိရပါတယ်။

မပခတိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရမခတိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ တဂခတိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့ကို ကစထမှူးတွေအဖြစ် အစားထိုးခန့်အပ်ခဲ့ပြီး ရကခတိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းကို တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ တပခတိုင်းမှူး ဗိုလ်ချုပ်ကိုကိုကို တပ်မတော်စစ်ဆေးရေးအရာရှိချုပ် (ကြည်း၊ ရေ၊ လေ) အဖြစ်နဲ့ အစားထိုးခန့်အပ်ခဲ့ကြောင်း သိရှိရပါတယ်။ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းကိုလည်း ကာကွယ်ရေးဦးစီးချုပ် (ရေ) အဖြစ်အစားထိုးခန့်အပ်ခဲ့တာ တွေ့ရပါတယ်။

# ကြပ်ပြေးနန်းတွင်းအရှုပ်တော်ပုံ

အပိုင်း (၁)



ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ သူ့တပ်မတော်ကနေအနားမယူခင် သူ့ရဲ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နေရာကိုဆက်ခံမယ့် သူနဲ့ တပ်မတော်ရဲ့ ထိပ်တန်းရာထူးကြီးတွေကို ဆက်ခံရမယ့်သူတွေကို အထူးသတိထားပြီး ရွေးချယ်နေပုံရပါတယ်။ သေချာတဲ့အချက်တခုကတော့ လက်ရှိဒုတိယကာကွယ်ရေးဦးစီးချုပ်ဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးကို သူသက်ရှိထင်ရှားရှိနေသရွေ့ ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ပေးခန့်အပ်မှာမဟုတ်ဘူးဆိုတဲ့အချက်ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ သူယုံကြည်စိတ်ချသူတွေကို သူ့နေရာနဲ့ တပ်မတော်ရဲ့ ထိပ်ပိုင်းရာထူးတွေမှာ တာဝန်ပေးခန့်အပ်ပြီးရင် ....

ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (အဲန်ဒီဒီ) ၏ အပတ်စဉ်ပြည်တွင်းသုံးသပ်ချက် အမှတ်စဉ် (၃၃၆) အား ပြန်လည်ထုတ်နုတ်ဖော်ပြပါသည်။

လစ်လပ်သွားတဲ့ စစ်တိုင်းမှူးတွေရဲ့ နေရာတွေကိုလည်း တပ်မမှူးတွေ၊ စစ်ကျောင်းအုပ်ကြီးတွေ၊ ဆေးတပ်မှူးတွေနဲ့ ချက်ချင်းအစားထိုးခဲ့တာ တွေ့ရပါတယ်။ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးသင်တန်းကျောင်း (ဗထူးတပ်မြို့) ကျောင်းအုပ်ကြီးဗိုလ်မှူးချုပ်စိုးဝင်းကို မပခတိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်ကို ရပခတိုင်းမှူး၊ ဦးစီးအရာရှိတက္ကသိုလ် (ကလော) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ဖြိုးကို တဂခတိုင်းမှူး၊ တပ်မ(၇၇) တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ကို ရကခတိုင်းမှူး၊ တပ်မ (၁၁) တပ်မမှူး ဗိုလ်မှူးချုပ်လှမင်းကို တပခတိုင်းမှူး စသည်ဖြင့် အစားထိုးခန့်အပ်တာဝန်ပေးခဲ့ကြောင်း သိရှိရပါတယ်။ (ရပခတိုင်းမှူး ဗိုလ်ချုပ်သောင်းအေးကို နပခသို့လည်းကောင်း၊ နပခတိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်ကို ရမခသို့လည်းကောင်း ပြောင်းရွှေ့ခဲ့ကြောင်း သိရှိရသည်။)

ဆင့်ကဲဆင့်ကဲ လစ်လပ်သွားတဲ့နေရာတွေကိုလည်း အစားထိုးခန့်အပ်မှုတွေ ပြုလုပ်ခဲ့ရတဲ့အတွက် ဗိုလ်ချုပ်မှူးကြီး (၁) ဦး၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး (၁) ဦး၊ ဗိုလ်ချုပ်ကြီး (၂) ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး (၁၂) ဦး (ဒုတိယဗိုလ်ချုပ်ကြီးလစာကို စားနေပြီဖြစ်သော ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်နှင့် ဗိုလ်ချုပ်သူရမြင့်အောင်တို့မပါသေးပါ)။ ဗိုလ်ချုပ် (၅၀) ကျော်၊ ဗိုလ်မှူးချုပ် (၁၀၀) ကျော်၊ ဗိုလ်မှူးကြီး ၃၄၀ ကျော်၊ ဒုတိယဗိုလ်မှူးကြီး (၁,၃၀၀) ကျော်လောက်ရှိတဲ့ မြန်မာ့တပ်မတော်အတွင်းမှာ အနည်းဆုံး အရာရှိ (၂၀၀) ကျော်လောက်ကို အပြောင်းအလဲတွေ ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ နအဖစစ်ကောင်စီ၊ နအဖစစ်အစိုးရနဲ့ နအဖတပ်မတော်အတွင်းမှာ နောက်ထပ်အပြောင်းအလဲတွေ ဆက်လက်ဖြစ်ပေါ်နိုင်တဲ့အလားအလာရှိပါတယ်။

နအဖတပ်တွင်းက ဒီအပြောင်းအလဲတွေဟာ မကြာခင်ကမှပြုလုပ်ခဲ့တဲ့ နအဖစစ်ကောင်စီရဲ့ ၂၀၀၈ ခုနှစ် ပထမလေးလပတ်အစည်းအဝေးအပြီးမှာ ပေါ်ထွက်လာတာဖြစ်ပါတယ်။ ဒီနှစ်အစောပိုင်းမှာ ပြုလုပ်ရမယ့် ၂၀၀၇ ခုနှစ်အတွက် နအဖစစ်ကောင်စီရဲ့ တတိယလေးလပတ်အစည်းအဝေးကို ပုံမှန်အတိုင်း မကျင်းပမပြုလုပ်နိုင်ခဲ့တာကို ထောက်ရှုခြင်းအားဖြင့် နအဖတပ်တွင်း နေရာအပြောင်းအရွှေ့ကိစ္စတွေနဲ့ပတ်သက်ပြီး စစ်ကောင်စီအတွင်းမှာ ကျေလည်မှုသိပ်မရှိနိုင်ဘူးလို့ ယူဆရပါတယ်။

အခု တာဝန်ကနေအနားပေးခံလိုက်ရတဲ့ နအဖစစ်ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး (၆) ဦးလုံးဟာ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်တဲ့ အဖွဲ့ဝင် (၁၉) ဦးပါ စစ်ကောင်စီကလည်း နုတ်ထွက်ပေးလိုက်ရပြီလို့ ယူဆရပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ သူ့တပ်မတော်ကနေအနားမယူခင် သူ့ရဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နေရာကိုဆက်ခံမယ့်သူနဲ့ တပ်မတော်ရဲ့ထိပ်တန်းရာထူးကြီးတွေကို ဆက်ခံရမယ့်သူတွေကို အထူးသတိထားပြီး ရွေးချယ်နေပုံရပါတယ်။ သေချာတဲ့အချက်တခုကတော့ လက်ရှိ ဒုတိယကာကွယ်ရေးဦးစီးချုပ်ဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကို သူသက်ရှိထင်ရှား ရှိနေသရွေ့ ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ပေးခန့်အပ်မှာမဟုတ်ဘူးဆိုတဲ့အချက်ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ သူယုံကြည်စိတ်ချသူတွေကို သူ့နေရာနဲ့ တပ်မတော်ရဲ့ထိပ်ပိုင်းရာထူးတွေမှာ တာဝန်ပေးခန့်အပ်ပြီးရင် သူနဲ့အတူ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ အတွင်းရေးမှူး (၁) နဲ့ စစ်ထောက်ချုပ် ဒုဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုဗိုလ်ချုပ်ကြီး မြတ်ဟိန်းတို့ကိုပါ တပ်မတော်အတွင်းကဆွဲပြီးခေါ်ထုတ်သွားမှာ သေချာနေပြီဖြစ်ပါတယ်။ (၁၉၈၈ ခုနှစ် ဇူလိုင်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဆလပါတီ၏ အရေးပေါ်ပါတီညီလာခံတွင် စစ်အာဏာရှင်ကြီး ဦးနေဝင်းက သူနဲ့အတူ ဦးစန်းယု၊ ဦးအေးကိုနှင့် ဦးကျော်ထင်တို့ကိုပါ ဆွဲခေါ်သွားသလိုမျိုး ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကို ခါးဖက်ပြီး သူနဲ့အတူဆွဲခေါ်သွားရန် ကြံစည်နေသည်ဟု ယူဆရပါသည်။)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ သူ့ရဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နေရာကို ဆက်ခံမဲ့သူအဖြစ် ဗိုလ်ချုပ်သူရရွှေမန်းကို ၂၀၀၁ ခုနှစ်ကတည်းက စတင်ရွေးချယ်သတ်မှတ်ခဲ့တာ တွေ့ရပါတယ်။ DSA အပတ်စဉ် (၁၁) ကျောင်းဆင်း နတခတိုင်းမှူး ဗိုလ်ချုပ်သူရရွှေမန်းကို ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာ (၁၅) ရက်နေ့မှာ ကာကွယ်ရေးဦးစီးချုပ်ရုံးကိုခေါ်ယူခဲ့ပြီး (ညှိနှိုင်းကွပ်ကဲရေးမှူး–ကြည်း၊ ရေ၊ လေ) အဖြစ် ရာထူးသစ်တခုတီထွင်ဖန်တီး တာဝန်ပေးခဲ့တဲ့အပြင် ၂၀၀၂ ခုနှစ် စက်တင်ဘာလမှာ ဒုတိယဗိုလ်ချုပ်ကြီး၊ ၂၀၀၃ ခုနှစ် ဩဂုတ်လမှာ ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတွေကို တဆင့်ပြီးတဆင့် တိုးမြှင့်ပေးအပ်ခဲ့တာ တွေ့နိုင်ပါတယ်။ ဗိုလ်ချုပ်ကြီးရွှေမန်းဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ငယ်တပည့်ရင်းတဦးမဟုတ်ပေမယ့် လူရိုးလူအေး တဦးဖြစ်တဲ့အပြင် အထက်ကခိုင်းတဲ့အတိုင်း လုပ်ကိုင်တတ်သူဖြစ်တာကြောင့် သူ့ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လက်သပ်မွေးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်နိုင်ပါတယ်။ (ဗိုလ်ချုပ်ရွှေမန်းရဲ့ဇနီး ဒေါ်ခင်လေးသက်က ဗိုလ်ချုပ်မှူးကြီးကတော် ဒေါ်ကြိုင်ကြိုင်နဲ့ သားသမီးတွေရဲ့ ဝတ်ကြီးဝတ်ငယ်တွေကို နေ့စဉ်ဝင်ထွက်ပြုစုပေးနေတဲ့အတွက် ဒေါ်ကြိုင်ကြိုင်ရဲ့ ညွှန်ကြားချက်အရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်ချုပ်ရွှေမန်းကို အခုလိုချီးမြှင့်မြှောက်စားခဲ့တာဖြစ်တယ်လို့ ဗိုလ်ချုပ်ကတော်အသိုင်းအဝိုင်းမှာ ပြောဆိုနေကြတာတွေတော့ ရှိပါတယ်။)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (သို့မဟုတ်) ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီးရွှေမန်းနဲ့အတူ ယှဉ်တွဲလျာထားခံရသူတဦးကတော့ DSA အပတ်စဉ် (၁၅) ကျောင်းဆင်း အမှတ် (၅) အထူးစစ်ဆင်ရေးအဖွဲ့မှူး ဒုဗိုလ်ချုပ်ကြီးမြင့်ဆွေဖြစ်ကြောင်း သိရှိရပါတယ်။ ဒုဗိုလ်ချုပ်ကြီးမြင့်ဆွေကတော့ ဗိုလ်ချုပ်မှူးကြီးကတော် ဒေါ်ကြိုင်ကြိုင်နဲ့ ဆွေမျိုးတော်စပ်တဲ့အတွက် တပ်မ (၁၁) တပ်မမှူး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်စတဲ့ ရာထူးတွေကို အလွယ်တကူရရှိခဲ့တဲ့အပြင် ၂၀၀၅ အောက်တိုဘာလမှာ ဒုဗိုလ်ချုပ်ကြီးအဆင့် တိုးမြှင့်ပေးတာကို ခံခဲ့ရပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်ချုပ်ကြီးရွှေမန်းကို သူ့နေရာဆက်ခံဖို့ မူလကလျာထားခဲ့ပေမယ့် အခုအချိန်မှာ ဗိုလ်ချုပ်ကြီးရွှေမန်းရဲ့အသက်က (၆၀) ကျော်နေပြီဖြစ်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နေရာအတွက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အလားအလာပိုကောင်းနေကြောင်း၊ ဒါကြောင့် ရန်ကုန်စီးပွားရေးလောက အသိုင်းအဝိုင်းက ဒုဗိုလ်ချုပ်ကြီးမြင့်ဆွေနဲ့ ပိုရင်းနှီးအောင် ကြိုးစားနေကြကြောင်း ကြားသိရပါတယ်။

အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ မြန်မာ့တပ်မတော်ကို ဇာတ်စင်နောက်က ဆက်လက်ကြိုးကိုင်နိုင်ဖို့ ကြိုးပမ်းအားထုတ်ရာမှာ မဆလစစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီးနေဝင်း ၁၉၈၈ ခုနှစ်က ပြုလုပ်မိခဲ့တဲ့အမှားမျိုး ထပ်မလုပ်မိအောင် အထူးသတိထားပြီး လုပ်ဆောင်နေတာ တွေ့ရပါတယ်။ တပ်မတော်ရဲ့ ထိပ်တန်းရာထူးကြီးတွေကိုဆက်ခံမယ့် မျိုးဆက်သစ်တပ်မှူးတွေကို သူ့စိတ်ကြိုက် အချိန်ယူရွေးချယ်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံးနဲ့ တိုင်းတပ်မတွေမှာနေရာချထားပေးနေတာ တွေ့ရပါတယ်။ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း နဝတစစ်ကောင်စီအဖွဲ့ဝင် ဒုဗိုလ်ချုပ်ကြီး တဒါဇင်ကျော်ကို ဖြုတ်ထုတ်ဖယ်ရှား

စာမျက်နှာ (၁၃) ကော်လံ (၁) သို့ ....

# စက်တင်ဘာအရေးအခင်းနောက်ပိုင်း ဖမ်းဆီးထားခြင်းခံခဲ့ရသော သံဃာတော်တပါးအား အာဏာပိုင်တို့မှရုံးထုတ်စစ်ဆေးခြင်းပြုလုပ်



စက်တင်ဘာ သံဃာ့အရေးအခင်းလှုပ်ရှားမှုတွင် ရှေ့ဆုံးမှ အလံကိုင်၍ကြွချီခဲ့သည့် အရှင်စန္ဒာဝရ

ဇူလိုင် (၂၇) ရက်။

သံဃာ့လှုပ်ရှားမှုတွင် အလံကိုင်၍ ရှေ့မှ ကြွချီခဲ့သည်ဟူသောစွဲချက်ဖြင့် အာဏာပိုင်များက ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ မြို့နယ်အတွင်းရှိ သစ္စာသရဖူကျောင်းတိုက်မှ အရှင်စန္ဒာဝရအားဖမ်းဆီးထားခဲ့ပြီး သောကြာနေ့ (၂၂) ရက်နေ့က တရားရုံးထုတ်၍ စစ်ဆေးခဲ့ကြောင်းသိရသည်။

စက်တင်ဘာသံဃာ့လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ပြီးနောက် အောက်တိုဘာလ (၃) ရက်နေ့ နံနက်တွင် အာဏာပိုင်များက သစ္စာသရဖူကျောင်းတိုက်အား ဝင်ရောက်စီးနင်းပြီးနောက် အရှင်စန္ဒာဝရရေးသားထားသော ကဗျာတပုဒ်၊ ဆောင်ပုဒ်စာတမ်းများအား တွေ့ရှိသိမ်းဆည်းခဲ့ပြီးနောက် ဆရာတော်အား ဖမ်းဆီးထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆရာတော်ရေးသားထားသော ဆန္ဒသို့ပေးအပ်ခြင်းကဗျာနှင့် အာဏာပိုင်များက အကြမ်းဖက်လာပါက "ငြိမ်းချမ်းစွာ ဖြေရှင်းပါ ....။ လက်တွဲပူးပေါင်းပါ ...." စသည့်စာတမ်းများရေးသားထားချက်များသည် အစိုးရအား အကြည်ညိုပျက်စေသည်ဟု စွပ်စွဲချက်ဖြင့် ပုဒ်မ (၁၂၄) တပ်ကာ တရားစွဲခြင်းဖြစ်သည်။

အရှင်စန္ဒာဝရ၏ ရေးသားချက်များသည် စွဲဆိုထားသည့် မည်သည့်ပုဒ်မနှင့်မှ ငြိစွန်းမှုတစုံတရာမရှိကြောင်းနှင့် လူတယောက်၏ လွတ်လပ်သည့်ဆန္ဒ၊ လွတ်လပ်စွာတွေးခေါ် ယူဆပိုင်ခွင့်နှင့်ပတ်သက်၍ စာသားရေးရေး၊ စကားပြေဖြင့်ဆိုဆို၊ ကဗျာသီဖွဲ့သည်ဖြစ်စေ ထိုသူတဦးတယောက်၏ အတွေးအခေါ်အယူအဆမျှသာဖြစ်ကြောင်း ရှေ့နေဦးဖိုးဖြူကပြောဆိုခဲ့သည်။

"လူတကာရှေ့မှာဖွင့်ပြောပြီးတော့ အကြည်ညိုပျက်အောင်လုပ်နေတာလည်း မဟုတ်ပါဘူး။ သူ့ဆန္ဒကို သူ့စာအုပ်ထဲမှာ ကဗျာတပုဒ်အနေနဲ့ သိမ်းဆည်းထားတာပဲဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။ ဆက်လက်၍ "ဥပဒေကြောင်းအရဆိုရင် သူဟာ သူများကိုပြသတာ၊ ထုတ်ဖော်တာ၊ ပုံနှိပ်တာ၊ ဖြန့်ချိတာမျိုးလုံးဝမရှိတဲ့အတွက်ကြောင့် ဒီဥပဒေပုဒ်မနဲ့ ငြိစွန်းခြင်းလုံးဝမရှိပါဘူး" ဟုလည်း ပြောကြားခဲ့သည်။ ❖

# အထူးစုံစမ်းရေးရဲများက ၉၀ ခုနှစ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျန်းမာရေးနှင့်တကွ ရွေးကောက်ပွဲဝင်မဝင်ကို စုံစမ်းလျှက်ရှိနေ



၁၉၉၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲမြင်ကွင်း

ဇူလိုင် (၃၁) ရက်။

မြန်မာစစ်အုပ်စု၏ အထူးစုံစမ်းရေးရဲတပ်ဖွဲ့သည် ၁၉၉၀ ခုနှစ်က အနိုင်ရခဲ့သော လွှတ်တော်ကိုယ်စားလှယ်များနှင့်သက်ဆိုင်သောသတင်းအချက်အလက်များအား သွယ်ဝိုက်၍လည်းကောင်း၊ တိုက်ရိုက်အားဖြင့်လည်းကောင်း လိုက်လံစုံစမ်းလျှက်ရှိနေကြောင်း သတင်းရရှိသည်။

၂၀၁၀ ခုနှစ်တွင် စစ်အစိုးရမှ ရွေးကောက်ပွဲအသစ်ကျင်းပပါက ထိုရွေးကောက်ပွဲသို့ ဝင်မည်၊ မဝင်မည်ကိုလည်း မေးမြန်းမှုများရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ် အသိုင်းအဝိုင်းနှင့်နီးစပ်သူတဦးက ပြောဆိုခဲ့သည်။

၎င်းက "ဘယ်လိုစစ်တမ်းကောက်လဲဆိုတော့ မြို့နယ်တိုင်းမှာ ၉၀ ခုနှစ်က အဲန်အယ်လ်ဒီလွှတ်တော်ကိုယ်စားလှယ်အနေနဲ့ အရွေးခံတဲ့ကိုယ်စားလှယ်တွေရှိတယ်။ အဲဒီလူတွေကို လက်ရှိသက်ဆိုင်ရာ ရွေးချယ်လိုက်တဲ့ မြို့နယ်မှာ ရှိလား, မရှိဘူးလား။ ပြီးတော့ ကွယ်လွန်၊ ဒါမှမဟုတ် သက်ရှိ။ လောလောဆယ် ဘယ်မှာနေတယ်။ အသက်အရွယ်၊ ကျန်းမာရေး၊ ပြီးတော့ အဲဒီကိုယ်စားလှယ်တွေအနေနဲ့ လာမယ့်ရွေးကောက်ပွဲမှာ အရွေးခံမလား မခံဘူးလား။ တချို့နယ်တွေမှာတော့ တိုက်ရိုက်တွေ့ပြီးမေးတာတွေရှိတယ်"ဟု ပြောသည်။

စစ်အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်များသည် ဒီမိုကရေစီနည်းလမ်းမကျကြောင်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက လွှတ်တော်ကိုယ်စားလှယ်အချို့က သပိတ်မှောက်မည်ဟု ကြေညာချက်ထုတ်ခဲ့ပြီးနောက် ယခုကဲ့သို့ ကိုယ်စားလှယ်များ၏သဘောထားကို မေးမြန်းစုံစမ်းခြင်းများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုသို့တိုက်ရိုက်မေးမြန်းခြင်းခံခဲ့ရသော လွှတ်တော်ကိုယ်စားလှယ်များအနက် ပဲခူးမြို့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှက "အက်စ်ဘီက တယ်လီဖုန်းနဲ့မေးတာ။ ဝင်မှာလား မဝင်ဘူးလားတဲ့၊ မသိသေးဘူး။ ရွေးကောက်ပွဲဥပဒေထွက်မှပဲ စဉ်းစားမယ်လို့ ပြောလိုက်တယ်။ ဝေါက ဦးတင်ရွှေတို့ကိုလည်း မေးတယ်လို့ပြောတယ်။ သူတို့ ဘာရည်ရွယ်ချက်လဲတော့မသိဘူး"ဟု ပြောဆိုခဲ့သည်။

၂၀၁၀ တွင်ကျင်းပမည့် စစ်အုပ်စု၏ ရွေးကောက်ပွဲသည် စစ်အုပ်ချုပ်ရေးအား သက်တမ်းကြာရှည်ရေးအတွက် ဟန်ပြကျင်းပသောပွဲဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲအား သပိတ်မှောက်ကြရန် ဒီမိုကရေစီအင်အားစုများအကြားတွင် တိုက်တွန်းပြောဆိုမှုများလည်းရှိနေသည်။

စစ်အုပ်စုနှင့်အပစ်ရပ်ထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ကမူ နိုင်ငံရေးပါတီအသွင်ပြောင်း၍ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်နေကြောင်းလည်း သတင်းများထွက်ပေါ်နေသည်။ မြန်မာစစ်အုပ်စု၏ ဝါဒဖြန့်လက်နက်အဖြစ်သုံးနေသော သတင်းစာများတွင်လည်း စစ်အုပ်စုဦးဆောင်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအား တရားမဝင်ကြောင်းပြောနေခြင်းသည် ဒီမိုကရေစီနှင့်အလှမ်းဝေးအောင်လုပ်ခြင်းဖြစ်၍ ထိုသို့မလုပ်သင့်ကြောင်း ရေးသားထားသော ဆောင်းပါးမျိုးများကို ရေးသားဖော်ပြလျှက်ရှိသည်။

❖

# လူထုဆူပူအောင်လှုံ့ဆော်မှုပုံနှိပ်ဥပဒေများအပါအဝင် ဥပဒေပေါင်း (၁၀) ခုကျော်နှင့် တရားစွဲဆိုခံနေရသော

## ပြည်သူ့အချစ်တော် အနုပညာရှင်များအား ဒုတိယအကြိမ်ရုံးထုတ်

ဩဂုတ် (၈) ရက်။

နိုင်ငံရေးအကျဉ်းသားဟောင်းများဖြစ်ကြသော လူရွှင်တော်ကိုဇာဂနာနှင့် ကိုဇော်သက်ထွေးတို့အား ဩဂုတ်လ (၇) ရက်နေ့က ရန်ကုန်မြို့၊ အင်းစိန်ထောင်တွင်း၌ သီးသန့်ရုံးထိုင်သည့် အနောက်ပိုင်းခရိုင်ရုံး၌ ရုံးထုတ်ကြောင်း သတင်းရရှိသည်။

ကိုဇာဂနာ၊ အားကစားအယ်ဒီတာ ကိုဇော်သက်ထွေး၊ ကိုသန့်စင်အောင်နှင့် ကိုတင်မောင်အေးတို့ကို ဇူလိုင်လ (၄) ရက်၊ တနင်္လာနေ့ကရုံးထုတ်ခဲ့ပြီး ဩဂုတ်လ (၇) ရက်နေ့ကိုထပ်မံချိန်းဆိုခဲ့သည်။ ယခုတဖန် ရှေ့နေပါဝါ မလွှဲရသေးဟုဆိုကာ ဩဂုတ်လ (၁၄) ရက်နေ့သို့ ပြောင်းလဲချိန်းဆိုလိုက်ပြန်သည်။

ကိုဇာဂနာသည် စာပေ၊ ရုပ်ရှင်နှင့် ဂီတနယ်ပယ်မှ အနုပညာရှင်များနှင့် လက်တွဲ၍ မုန်တိုင်းသင့်ဒေသများ၌ လေဘေးကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ကိုင်နေစဉ် ဇွန်လ (၄) ရက်နေ့တွင် အာဏာပိုင်များမှ စတင်ဖမ်းဆီးသွားခဲ့သည်။ ကိုဇော်သက်ထွေးကိုမူ ဇွန်လ (၁၃) ရက်နေ့တွင် ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။

ကိုဇာဂနာနှင့် ကိုဇော်သက်ထွေးတို့အား ၅၀၅ (ခ) (ပြည်သူများအား ဆူပူအောင်လှုံ့ဆော်မှု)၊ ၁၇/၁ (မတရားအသင်းနှင့်ဆက်သွယ်မှု) စသည့် ဥပဒေပုဒ်မ (၈) ခုဖြင့်လည်းကောင်း၊ ဗီဒီယိုဥပဒေပုဒ်မ (၃) ခုဖြင့်လည်းကောင်း တရားစွဲဆိုထားကြောင်း သိရသည်။

အများပြည်သူအား ဆူပူအောင်လှုံ့ဆော်မှုဟု ပုဒ်မတပ်စွဲဆိုထားသော်လည်း ကိုဇာဂနာသည် အိမ်ထဲမှာပင်နေထိုင်ခဲ့ခြင်း



ပြည်သူချစ်သော လူရွှင်တော်ဇာဂနာ

ဖြစ်ကြောင်းကို မိခင်ဖြစ်သူ စာရေးဆရာမကြီး ဒေါ်ကြည်ဦးကပြောသည်။

ဇာဂနာ၏လှုပ်ရှားဆောင်ရွက်မှုများမှာ အများပြည်သူအတွက်သာဖြစ်ပြီး မုန်တိုင်းသင့်ဒေသများရှိ ပြည်သူများအား အကူအညီများနှင့်ပံ့ပိုးပစ္စည်းများ အမြန်ဆုံးနှင့်များများရရှိရန် ပထမဦးဆုံးတိုက်တွန်းပြောကြားပေးခဲ့သူသာဖြစ်ကြောင်းကိုလည်း မိခင်ဒေါ်ကြည်ဦးကပြောသည်။

ပြည်သူလူထုကမကြည်ညိုသော စစ်အစိုးရအား အကြည်အညိုပျက်အောင် အထူးလုပ်ဆောင်နေရန် မလိုကြောင်းနှင့် နာဂစ်မုန်တိုင်းအပြီးတွင် ပထမဦးဆုံးအလှူရှင်အဖြစ်နှင့် ပံ့ပိုးပစ္စည်းများလှူခဲ့ပြီး အများကိုလည်း လှူပါရန်တိုက်တွန်းခဲ့သည့် ကိုဇာဂနာ အားအစိုးရက မနာလိုမရှုစိမ့်ထားပြီး အငြိုးဖြင့် ယခုကဲ့သို့ ဖမ်းဆီးအရေးယူခြင်းဖြစ်ကြောင်း ဇာဂနာအား ပထအကြိမ်ရုံးထုတ်စဉ်တွင် မိခင်ဖြစ်သူကပြောကြားခဲ့သည်။

❖

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အကြောင်းပြချက်မရှိဘဲ စစ်အာဏာပိုင်တို့မှ ဖမ်းဆီး

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရခိုင်ပြည်နယ်၏ဥက္ကဋ္ဌနှင့် ပန်းတနော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့အား စစ်အာဏာပိုင်များက ညည့်နက်သန်းကောင်တွင် အကြောင်းပြချက်တစုံတရာမရှိဘဲ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားသည်။

ဤကိစ္စနှင့်ပတ်သက်၍ အဖွဲ့ချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက "ကျနော်တို့မြင်တာကတော့ အဖွဲ့ချုပ် အဖွဲ့ဝင်တွေထဲက တက်တက်ကြွကြွလုပ်တဲ့သူတွေ သူတို့ရဲ့ဆန္ဒကို ကိုယ်ပိုင်ဖော်ထုတ်ချင်တဲ့သူတွေကို အမြဲတမ်းဖမ်းဆီးလေ့ရှိတယ်။ အခုလည်း ဒီသဘောပဲလို့ အန်ကယ်လ်တို့တွက်လို့ရတယ်။ အခုအဖမ်းခံရတဲ့ပုဂ္ဂိုလ်တွေကိုယ်တိုင် တစုံတရာ ကျူးကျူးလွန်လွန် ဘာမှဆောင်ရွက်တာမရှိဘူး။ သူတို့ရဲ့ရပိုင်ခွင့်ဖြစ်တဲ့ လွတ်လပ်စွာထုတ်ဖော်ခွင့်တော့ သူတို့ကျင့်သုံးတာရှိကောင်းရှိလိမ့်မယ်"ဟု ပြောခဲ့သည်။

ရခိုင်အဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ်၊ ဂွမြို့နယ် လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်သူ ဦးညီပုအား ၎င်းငှားရမ်းနေထိုင်ရာ ဗိုလ်တထောင် မြို့နယ် (၄၂) လမ်း၊ ကုန်သည်လမ်းနှင့် ဗန္ဓုလလမ်းကြားတိုက်ခန်းမှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်းနှင့် ဦးညီပုကိုင်ဆောင်ထားသော ဟန်းဖုန်းကိုလည်း သိမ်းယူသွားကြကြောင်း ဦးညီပုနှင့်နီးစပ်သူတဦးက ပြောသည်။

ယခု ဖမ်းဆီးခံရသူ (၂) ဦးလုံးသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ တိုးတက်ဖြစ်ထွန်းမှုများပေါ်ပေါက်ရေး ကမ္ဘာ့ကုလသမဂ္ဂသို့ တိုက်တွန်းနှိုးဆော်စာများ ရေးသားလက်မှတ်ထိုးပေးပို့ခဲ့သူများစာရင်းတွင် ပါဝင်နေသူများဖြစ်သည်။ ကုလသမဂ္ဂသို့ နောက်ဆုံးတိုက်တွန်းစာရေးပို့ခဲ့သူ (၅) ဦးမှာ ဂွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီပု၊ ပန်းတနော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်မင်းထွဋ်၊ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပူကျင့်ရှင်းထန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင်နှင့် ဦးသိန်းဖေတို့ဖြစ်ကြသည်။ ❖

# ရန်ကုန်တိုင်းရှိဒဂုံတက္ကသိုလ်အတွင်း ရှစ်လေးလုံးအရေးတော်ပုံ အနှစ်နှစ်ဆယ်ပြည့်လှုပ်ရှားမှုများကို စာတန်းကပ်ခြင်းဖြင့်စတင်နေ



ရန်ကုန်တိုင်းအတွင်းရှိဒဂုံတက္ကသိုလ်၏ပင်မအဆောက်အဦးအားတွေ့မြင်ရစဉ်

ဩဂုတ် (၁) ရက်။

ဇူလိုင် (၃၀) ရက်နေ့က ရန်ကုန်တိုင်း အတွင်း ကျောင်းသားဦးရေအများဆုံး ဒဂုံ တက္ကသိုလ်တွင် စစ်အုပ်စုဆန့်ကျင်ရေးနှင့် (၈) လေးလုံးအထိမ်းအမှတ်စာတမ်းအချို့ကို ကပ်ခဲ့ပြီးနောက်တွင် တက္ကသိုလ်များအတွင်း၌ လုံခြုံရေးများပိုမိုတင်းကျပ်ထားကြောင်း သိရသည်။

ပထဝီဌာနမှ ဆရာမတဦးက ''ပါမောက္ခ ကတော့ ကြားကြားချင်း ချက်ခြင်းသွားဖြုတ်တာပဲ။ ကျောင်းသားတချို့တော့ တွေ့သွားကြတယ်''ဟုပြောသည်။

ပထဝီဌာန ပါမောက္ခရုံးခန်းရှေ့၊ စာသင်ဆောင်အမှတ် (၃၀)၊ အင်္ဂလိပ်စာဌာန၏ စာသင်ဆောင်အချို့အပါအဝင် စာသင်ဆောင် အတော်များများတွင်ကပ်ထားကြောင်း မြင်တွေ့ခဲ့ရသောကျောင်းသားများကလည်း ပြောသည်။

ယခုအခါတွင် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်များ၏ နေရာအနှံ့တို့တွင် ကျောင်းသားအယောင်ဆောင်ရဲများ၊ ထောက်လှမ်းရေးများရောက်ရှိနေကြပြီး ဆရာစာသင်ဆောင်များ၊ ကျောင်းသားနားနေဆောင်များ၊ စားသောက်ဆိုင်များနှင့် ဘတ်စ်ကားမှတ်တိုင်များတွင်သာမက ဆရာမများ နားနေဆောင်ပင်မကျန် လိုက်လံစစ်ဆေးလျှက် ရှိနေကြောင်းလည်းသိရသည်။ ထို့အပြင် ဆရာ၊ ဆရာမများကိုလည်း လုံခြုံရေးကင်းစောင့်ခိုင်းလျှက်ရှိကြောင်း ဒဂုံတက္ကသိုလ်မှ အမျိုးသမီးပါမောက္ခတဦးကပြောသည်။ ပါမောက္ခချုပ်အားလည်း ထိုကိစ္စနှင့်ပတ်သက်၍ နေပြည်တော်အထိ ခေါ်ယူစစ်ဆေးခြင်းခံရကြောင်း ဒဂုံတက္ကသိုလ်ဝန်ထမ်းများထံမှ သိရသည်။

ဒဂုံတက္ကသိုလ်ဝန်ထမ်းတဦးက ''ကျောင်းသားရေးရာကိုဝင်ပြီး ကျောင်းသားတွေရဲ့ ကိုယ်ရေးရာဇဝင်တွေတောင်းနေတယ်လို့ သိရတယ်။ သူတို့သံသယရှိတဲ့ကျောင်းသားတွေကိုလည်း စောင့်ကြည့်နေတယ်'' ဟုလည်း ပြောသည်။

၁၉၈၈ ခုနှစ်တွင် ကျောင်းသားလူငယ်များဦးဆောင်သော (၈) လေးလုံးအရေးတော်ပုံဖြစ်ပွားခဲ့ပြီးနောက် စစ်အစိုးရသည် မင်္ဂလာဒုံ–ဆူးလေလမ်းမပေါ်ရှိ လှည်းတန်းအနီးမှ မြန်မာနိုင်ငံ၏ အထင်ကရ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်အားလည်းကောင်း၊ ကျို့ကုန်းရှိ ရန်ကုန်စက်မှုတက္ကသိုလ်အားလည်းကောင်း ပိတ်ပစ်ခဲ့ပြီး တက္ကသိုလ်များအား ရန်ကုန်တိုင်း၏ အစွန်အဖျားမြို့နယ်များတွင် အသစ်တည်ဆောက်ထားခဲ့သည်။ ယင်းတို့အနက် ဒဂုံတက္ကသိုလ်မှာ ကျောင်းသားဦးရေ အများဆုံးတခုဖြစ်ကြောင်းသိရသည်။ ❖






ထိုင်းနိုင်ငံ၊ ဘန်ကောက်



အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့




ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တော်




အိန္ဒိယနိုင်ငံ




ဂျပန်နိုင်ငံ၊ တိုကျိုမြို့

# မြန်မာပြည်၏သမိုင်းဝင် ရှစ်လေးလုံးအရေးတော်ပုံ နှစ်နှစ်ဆယ်ပြည့်ခါနီးအချိန်တွင် ရန်ကုန်မြို့တော်နေရာအနှံ့အပြားတွင် လက်နက်ကိုင်အစောင့်များပိုမိုတိုးမြှင့်လာနေ



သမိုင်းဝင်၈၈၈၈လုံးနေ့နီးကပ်လာသည့်အတွက် ရန်ကုန်မြို့နေရာအနှံ့အပြားတွင် လက်နက်ကိုင်အစောင့်အကျပ်များပိုမိုချထားစဉ်

ဇူလိုင် (၃၁) ရက်။

ရန်ကုန်မြို့လယ်ခေါင် လူစည်ကားရာများတွင် တပ်မ (၇၇) အပါအဝင် လက်နက်ကိုင်အစောင့်များ တိုးမြှင့်ချထားပြီး ကင်းလှည့်မှုများရှိနေကြောင်း ဒီဗွီဘီသတင်းတွင် ဖော်ပြထားသည်။

ဇူလိုင်လကုန်ပိုင်းမှစတင်၍ မြို့တော်ခန်းမတဝိုက်တွင်လည်းကောင်း၊ သိမ်ကြီးဈေး၊ ဘုရင့်နောင်၊ ဆင်မလိုက်သဘော်ကျင်း၊ တောင်ဥက္ကလာ သံသုမာလမ်းတလျှောက်တွင်လည်းကောင်း၊ စံပြဈေး စသည့် လူစည်ကားရာနေရာများတွင် စစ်တပ်၊ ရဲနှင့် လုံထိန်းတပ်များနေရာယူထားကြောင်း ရန်ကုန်မြို့ခံတဦးကပြောသည်။

''ရပ်ကွက်၊ လမ်းကြိုလမ်းကြားတွေမှာ ပတ္တရောင်လှည့်တယ်။ ဆိုင်ကယ်တွေနဲ့ နှစ်ယောက်တတွဲ''ဟု ပြောပြခဲ့သည်။

ဆက်လက်၍ ဇူလိုင် (၃၁) ရက်နေ့မှစ၍လည်း လုံထိန်း အယောက် (၇၀) ကျော်သည် ဒိုင်း၊ လှံ၊ သေနတ် အပြည့်အစုံနှင့် တရုတ်လုပ် လန်းဂျင်းကား (၃) စီးကို အသုံးပြုလျှက် မြို့တွင်းသို့လှည့်ပတ်နေကြောင်း မျက်မြင်များက ပြောသည်။

ဝန်ကြီးများရုံးအတွင်းတွင် လုံထိန်းတပ်ဖွဲ့များ တပ်စွဲလျှက်ရှိနေပြီး ဆူးလေဘုရားလမ်းတွင် ဓာတ်တိုင်နှစ်တိုင်တိုင်းတွင် ရဲတယောက်စီက စောင့်နေကြောင်းလည်း ဖော်ပြထားသည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းဒေါင့် မီးရထားရုံဟောင်းအတွင်းတွင် စစ်တပ်ရှိနေပြီး ကုန်သည်ကြီးများဟိုတယ်လ်တဝိုက်တွင် တပ်မ (၇၇) မှ စစ်သား (၅၀၀) နေရာယူထားပြီး အရပ်ဝတ်လူ (၁၀) ဦးတို့သည် အစောင့်အရှောက်တင်းကြပ်စွာဖြင့် ဝင်ထွက်သွားလာနေခြင်းကိုလည်း တွေ့မြင်နေရကြောင်း ရန်ကုန်မြို့ခံများ၏အဆိုအရသိရသည်။

ဒေသခံများက ရှစ်လေးလုံးအရေးတော်ပုံနှစ်ပတ်လည်ကာလ နီးကပ်လာပြီဖြစ်သောကြောင့် ဤသို့ လက်နက်ကိုင်အင်အားများ တိုးမြှင့်ချထားခြင်းဖြစ်ကြောင်း သုံးသပ်ပြောဆိုနေကြသည်။

❖













မြန်မာပြည်နေရာအနှံ့အပြားရှိလူထုလူတန်းစားတရပ်လုံးမှအာဏာရှင်အစိုးရအားဆန့်ကျင်တွန်းလှန်ခဲ့သည့်

# ၈၈၈၈ အရေးတော်ပုံမှတ်တမ်းဓာတ်ပုံများ

စုစည်းတင်ပြသည်။














# နအဖသည်မြန်မာပြည်ကိုယ်စားပြုအစိုးရမဟုတ်ကြောင်း ကုလသမဂ္ဂတွင် စိန်ခေါ်ပြီး ရင်ဆိုင်သွားမည်ဟု

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ မှ ခွန်မြင့်ထွန်းကပြော




တွဲဘက်အတွင်းရေးမှူး ခွန်မြင့်ထွန်း

ဩဂုတ်လ (၁၄) ရက်။

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ဖိလစ်ပိုင်နိုင်ငံ၏ အောက်လွှတ်တော်၊ နိုင်ငံခြားရေးရာကော်မတီအစည်းအဝေးတရပ်ကျင်းပပြီး မြန်မာ့အရေးကြားနာပွဲတွင် သထုံမြို့နယ်၊ အမှတ် (၂) မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခွန်မြင့်ထွန်းက မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများနှင့် မြန်မာပြည်သူတို့၏ ဖိနှိပ်ခံနေရခြင်းတို့အား ရှင်းလင်းတင်ပြသွားခဲ့ပြီးနောက် ဤသို့ပြောခဲ့ခြင်းဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အသက်အငယ်ဆုံးလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်ပြီး ယခုအခါတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ (အမ်ပီယူ) ၏ တွဲဘက်အတွင်းရေးမှူးလည်းဖြစ်သော ခွန်မြင့်ထွန်းက အာဆီယံအနေနှင့် မြန်မာ့အရေးကို ယခုထက်ပို၍ ဆောင်ရွက်နိုင်ရေး ဖိလစ်ပိုင်နိုင်ငံမှ ဦးစီးဆောင်ရွက်ရန်ကိုလည်း တင်ပြသွားခဲ့သည်။

ထိုကြားနာစစ်ဆေးပွဲတွင် ခွန်မြင့်ထွန်းက အဓိကအားဖြင့် စစ်အာဏာရှင်စနစ်ကို ချုပ်ငြိမ်းစေပြီး ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပေါ်ထွန်းလာစေရန် (၈) လေးလုံးအရေးအခင်းကြီးတွင် ပြည်သူတရပ်လုံးက တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် အနှစ်နှစ်ဆယ်ပြည့်လာသည့်တိုင်အောင် မိမိတို့၏တိုင်းပြည်တွင် ဖိနှိပ်မှုနှင့်ရက်စက်မှုများ ရှိနေဆဲဖြစ်ကြောင်းနှင့် (၈၈) ၏တောင်းဆိုချက်များသည်လည်း ယခုထိ အကောင်အထည် ပေါ်မလာခဲ့သေးကြောင်း အဓိကထား ပြောကြားခဲ့ကြောင်း ခွန်မြင့်ထွန်းကပြောကြားခဲ့သည်။

“ကျနော့်အနေနဲ့ အဓိကထားပြီးတိုက်တွန်းခဲ့တာကတော့ ဗမာပြည်သူလူထုအနေနဲ့ သူတို့ရဲ့ဆန္ဒတွေကို ၉၀ ရွေးကောက်ပွဲမှာ ပြခဲ့ပြီးပြီ။ အဲဒါကို ကုလသမဂ္ဂအနေနဲ့ အသိအမှတ်ပြုဖို့ဆိုတဲ့ဟာကို ၂၀၀၆ မှာ ဆုံးဖြတ်ထားတာရှိတယ်။ နောက်တခါ ၂၀၀၇ ခုနှစ်မှာလည်းပဲ အဲဒီဆုံးဖြတ်ချက်ကို ထပ်ပြီးတော့ အတည်ပြုထားတာဖြစ်တယ်။ ဒါကြောင့်မို့လို့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေအတိုင်းကို အကောင်အထည်ဖော်ပေးဖို့၊ နောက်တခါ ကုလသမဂ္ဂနဲ့ အေဆီယံအနေနဲ့က ကျနော်တို့တိုင်းပြည်မှာ တကယ့်စစ်မှန်တဲ့ သုံးပွင့်ဆိုင် ဆွေးနွေးရေးပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးဖို့၊ အဲလိုဆောင်ရွက်တဲ့နေရာမှာ ဖိလစ်ပိုင်အစိုးရအနေနဲ့ အေဆီယံနိုင်ငံတွေကိုဦးဆောင်ပြီးတော့မှ ဆောင်ရွက်ပေးဖို့ပါ။ နောက်တခု ကျနော်တိုက်တွန်းတာကတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို တရားမဝင်ကြောင်းကြေညာပေးဖို့က ကုလသမဂ္ဂမှာရော၊ အေဆီယံမှာရော တာဝန်ရှိတယ်ဆိုတဲ့အကြောင်းကို ကျနော်တင်ပြခဲ့ပါတယ်။”

အကယ်၍ မြန်မာပြည်တွင် တွေ့ဆုံဆွေးနွေးရေး ဖြစ်မလာတော့ဘူးဆိုပါက ကုလသမဂ္ဂတွင် Freedom and Challenge လုပ်မည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ နအဖသည် ဗမာပြည်ကို ကိုယ်စားပြုနိုင်သည့် အစိုးရမဟုတ်တော့ကြောင်း၊ ဗမာပြည်ကို ကိုယ်စားမပြုကြောင်း ကုလသမဂ္ဂမှာ စိန်ခေါ်ပြီး ရင်ဆိုင်သွားမည်ဖြစ်ကြောင်း၊ ဤသို့စတင်ဆောင်ရွက်ပြီဆိုပါက ဖိလစ်ပိုင်အပါအဝင် အေဆီယံအဖွဲ့ဝင်နိုင်ငံများအနေနှင့်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေနှင့်လည်းကောင်း ကူညီကြပါရန်လည်း တောင်းဆိုတိုက်တွန်းခဲ့ကြောင်းသိရသည်။

ကြားနာပွဲအပြီးတွင် ဖိလစ်ပိုင်၏ နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌက ၎င်းတို့အနေနှင့် မြန်မာနိုင်ငံဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ရာနှုန်းပြည့်ထောက်ခံကြောင်း၊ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းတို့အပြင် စစ်အစိုးရအား တိုက်တွန်းနေခြင်းမျိုးတခုတည်းကိုသာမက တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်လာရန်ကိုလည်း အင်နှင့်အားနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်ဟုသိရသည်။

ဩဂုတ်လ (၁၃) ရက်နေ့က ကျင်းပခဲ့သော ထိုကြားနာပွဲသို့ ဖိလစ်ပိုင်နိုင်ငံ၊ အောက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ Antonio Cuenco နှင့်အတူ ကော်မတီဝင်လွှတ်တော်အမတ်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။ ❖

> နေရာကိုလိုချင်လို့ အခွင့်အရေးကိုလိုချင်လို့ နိုင်ငံရေးလုပ်တဲ့ လူလောက် တိုင်းပြည်အတွက် အကျိုးယုတ်စေတဲ့လူမျိုး မရှိဘူး ဆိုတာ မှတ်ထားပါ ....။
>
> ဒေါ်အောင်ဆန်းစုကြည်
>
> (၅၅ နှစ်မြောက် လွတ်လပ်ရေးနေ့ မိန့်ခွန်းကောက်နုတ်ချက်များမှ...)

# လူထုစွမ်းအားဖြင့်သာ ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မည်ဟု

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ကြေညာချက်တစောင်ထုတ်ပြန်

ဩဂုတ်လ (၈) ရက်နေ့တွင် ကျရောက်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အထွေထွေသပိတ်ကြီး၏ နှစ် (၂၀) ပြည့်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) မှ ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်တွင် မြန်မာ့ဒီမိုကရေစီတော်လှန်ရေးတိုက်ပွဲအတွင်း အသက်စွန့်တိုက်ပွဲဝင်သွားခဲ့ကြသော သူရဲကောင်းတို့၏ တော်လှန်ဝိညာဉ်များသည် စစ်မှန်သည့် ဒီမိုကရေစီထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးနှင့် နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများကို အကာအကွယ်ပြုနိုင်မည့် စစ်မှန်ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ကိုဖော်ဆောင်သော အစိုးရကောင်းတရပ်ပေါ်ထွန်းသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ယုံကြည်ကြောင်း ဖော်ပြပါရှိသည်။

ဆက်လက်၍လည်း (၈) လေးလုံးသမိုင်းတွင် အဓိကအကျဆုံးစွမ်းအားတရပ်သည် တိုင်းရင်းသားပေါင်းစုံ ပြည်သူတရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားတရပ်အဖြစ် မှန်ကန်စွာရှုမြင်သုံးသပ်ရမည်ဖြစ်ကြောင်း၊ လူထုစွမ်းအားသည် တပါတီအာဏာရှင်စနစ်အား ဖြုတ်ချနိုင်ခဲ့ပြီး တော်လှန်စစ်သဘောတရား၏ ခိုင်မာသောပြယုဂ်ဖြစ်ကြောင်းနှင့် လူထုစွမ်းအားဖြင့်သာ မိမိတို့၏ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မည်ဟု အဲန်စီယူဘီက အလေးအနက်ယုံကြည်ကြောင်းလည်း ရေးသားထားသည်။

နအဖသည် အနှစ် (၂၀) ကြာမြင့်သည့်တိုင်အောင် ပြည်သူတရပ်လုံး၏ဆန္ဒအမှန်ကို ငြင်းဆန်နေဆဲ၊ (၈) လေးလုံးသပိတ်တိုက်ပွဲကြီးအား တရားမဲ့အကြမ်းဖက်ဖြိုခွဲခဲ့မှု၏ နောက်ဆက်တွဲအဖြစ် ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များဖြင့် ပြစ်မှုမျိုးစုံကိုကျူးလွန်နေဆဲနှင့် ရာဇသက်ပန်တရားဝင်ပြစ်မှုကျူးလွန်နိုင်ရေးအတွက် မီးကုန်ယမ်းကုန်ကြိုးပမ်းနေဆဲတို့ကိုလည်း အထင်အရှား တွေ့မြင်နေရသည်ဟု ပါရှိသည်။

ထိုသို့အငြင်းပွားဖွယ်မရှိသော တိုင်းပြည်နှင့်ပြည်သူတရပ်လုံး၏ နာတာရှည်ဘဝအား အဆိုးရွားဆုံးအခြေအနေဆိုးများမှ ကယ်တင်ဖယ်ရှားနိုင်ရန်မှာ တိုင်းရင်းသားပြည်သူတရပ်လုံး၏ စုစည်းညီညွတ်မှုစွမ်းအားဖြင့်သာလျှင် စစ်အာဏာရှင်တို့၏ ဥပဒေမဲ့အကြမ်းဖက်မှုများဖြင့် တိုင်းပြည်အလုံးစုံပျက်သုဉ်းရေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအရပ်ရပ်အပေါ်တွင် အခြေပြု၍လည်းကောင်း၊ (၈) လေးလုံးတိုက်ပွဲသမိုင်းအတွင်း စစ်အုပ်စု၏ ကောက်ကျစ်ယုတ်မာမှုပေါင်းစုံအပေါ် အခြေပြု၍လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဆင့်တွင် တရားဝင်အစိုးရတရပ်အဆင့်မှဖယ်ရှားပြီး စစ်မှန်သည့်ဒီမိုကရေစီအစိုးရဖြင့် အစားထိုးနိုင်ရေးလုပ်ငန်းစဉ်တရပ်ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်းလည်း ရေးသားထားသည်။

ထို့ကြောင့် အဲန်စီယူဘီသည် တိုင်းရင်းသားပြည်သူတရပ်လုံး၏ဆန္ဒမှန်ကို အမြန်ဆုံးဖော်ထုတ်နိုင်ရေးအတွက် စုစည်းညီညွတ်သောပြည်သူ့စွမ်းအားကို ဦးထိပ်ထားလျှက် နအဖစစ်အာဏာရှင်အား အပြီးတိုင်ချေမှုန်းသွားမည်ဖြစ်ကြောင်း (၈) လေးလုံးအရေးတော်ပုံ၏ နှစ် (၂၀) ပြည့်သန္နိဋ္ဌာန်အဖြစ် ကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ❖



# အင်ဒိုနီးရှားနိုင်ငံတော်အခြေပြုမိန့်ခွန်းပြောအခမ်းအနားသို့

## ပြည်ပရောက်လွှတ်တော်အမတ်များအား တက်ရောက်ရန်ဖိတ်ကြားခံရ



အင်ဒိုနီးရှားသမတ ဆူစီလိုဘမ်ဘန်ယူဒိုယိုနို

ဩဂုတ်လ (၁၅) ရက်။

အင်ဒိုနီးရှားသမတ ဆူစီလိုဘမ်ဘန်ယူဒိုယိုနို၏ နိုင်ငံတော်အခြေပြုမိန့်ခွန်း ဖတ်ကြားသောအခမ်းအနားသို့ မြန်မာ့အတိုက်အခံအင်အားစုများဖြစ်သော ပြည်ပရောက်လွှတ်တော်အမတ်များကို ဖိတ်ကြားခဲ့ခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မြန်မာနိုင်ငံတွင် ဒီမိုကရေစီထူထောင်ရေးကြိုးပမ်းချက်အား အင်ဒိုနီးရှားအနေနှင့် ထောက်ခံအားပေးခြင်းကို ပြသလိုက်ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားလွှတ်တော်၏ သတင်းစာရှင်းလင်းပွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆက်လက်၍လည်း မြန်မာလွှတ်တော်ကိုယ်စားလှယ်များ အင်ဒိုနီးရှားနိုင်ငံသို့ရောက်နေစဉ် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် ရုန်းကန်တိုက်ပွဲဝင်နေရသော အခြေအနေများအား တိုးတက်မှုရရှိလာရေးကူညီပံ့ပိုးမှုများမည်သို့ဖြစ် သင့်သည်တို့ကို ဆွေးနွေးသွားကြရန် မျှော်လင့်ကြောင်းနှင့် မြန်မာ့အရေးဖြေရှင်းရန် အင်ဒိုနီးရှားနိုင်ငံအနေနှင့် ပါဝင်ကူညီရေးအတွက်လည်း လိုအပ်နေမည်ဖြစ်ကြောင်းတို့ကို ထိုကြေညာချက်တွင် ထည့်သွင်းရေးသားထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဖိတ်ကြားချက်အရ သွားရောက်ခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သမဂ္ဂ (အမ်ပီယူ) ၏ ဥက္ကဋ္ဌ ဦးတက်ဒီဘူးရီ၊ အတွင်းရေးမှူး ဦးသိန်းဦး၊ တွဲဘက်အတွင်းရေးမှူး ကိုဝင်းလှိုင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာတင့်ဆွေနှင့် ဒေါက်တာစန်းအောင်တို့ဖြစ်ကြသည်။

အင်ဒိုနီးရှားနိုင်ငံက မြန်မာနိုင်ငံမှ လူ့အခွင့်အရေးအခြေအနေများအား စိုးရိမ်ကြောင်းပြသသောအားဖြင့် သံအမတ်များ အပြန်အလှန်စေလွှတ်ရေးတို့အား ဆိုင်းငံ့ထားရန်ကိုလည်း အင်ဒိုနီးရှားလွှတ်တော်က ဆုံးဖြတ်ထားကြောင်းသိရသည်။ ❖

# တရားမဝင်သည့်နိုင်ငံခြားငွေလဲလှယ်စနစ်ကြောင့် မုန်တိုင်းဒုက္ခသည်များအတွက် အလှူငွေများ

## ဆုံးရှုံးမှုကြီးမားနေကြောင်း သတင်းစာရှင်းလင်းပွဲတွင်ထုတ်ဖော်

(၂၉) ရက်။

မြန်မာစစ်အစိုးရ၏ တရားဝင်ငွေလဲနှုန်းစနစ်အရ နာဂစ်မုန်တိုင်းဘေးဒုက္ခသည်များအတွက်ထောက်ပံ့ငွေအားလုံး၏ (၁၅) ရာခိုင်နှုန်းမှ (၂၅) ရာခိုင်နှုန်းအထိ နစ်နာမှုရှိကြောင်း ကုလသမဂ္ဂရုံးချုပ်တွင်ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

မြန်မာစစ်အစိုးရ၏ မုန်တိုင်းကူညီရေးတွင်တုန့်ပြန်ပုံနည်းစနစ်များကြောင့် ယခင်ကပင် ဆက်လက်လှူဒါန်းရန် တွန့်ဆုတ်နေကြသောအလှူရှင်များအနေနှင့် ယခုကဲ့သို့ ငွေကြေးပမာဏဆုံးရှုံးမှုကြီးမားခြင်းကြောင့် စိတ်ပျက်သွားကြမည်ကို စိုးရိမ်မိကြောင်း ကုလသမဂ္ဂလူသားချင်းစာနာရေးဆောင်ရွက်မှုရုံးမှ မြန်မာနိုင်ငံဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးမှူး ဒန်ဘေကာကပြောသည်။

ပြီးခဲ့သော သောကြာနေ့အထိ ပြင်ပပေါက်ဈေးငွေလဲနှုန်းမှာ အက်ဖ်အီးစီ (၁) ယူနစ်လျှင် ကျပ်ငွေ (၉၀၀) ခန့်ရှိပြီး အမေရိကန် (၁) ဒေါ်လာလျှင် (၁,၁၇၅) ကျပ်ရှိသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂသည် မြန်မာစစ်အစိုးရနှင့်ဆွေးနွေးခဲ့ပြီး အက်ဖ်အီးစီနှင့် ကြားခံလဲလှယ်ရသည့်စနစ်ကို ဖျက်သိမ်းပေးရန် အတင်းအကျပ်ပြောခဲ့ကြောင်းလည်း မစ္စတာဒန်ဘေကာကပြောသည်။

မစ္စတာဂျွန်ဟုမ်းစ်က နိုင်ငံခြားကုန်သွယ်မှုဘဏ်မှထုတ်ယူလာသော အက်ဖ်အီးစီအားကျပ်ငွေနှင့်လဲရာတွင် အစိုးရသတ်မှတ်ဈေးမဟုတ်ဘဲ ဈေးကွက်တွင်လဲလှယ်ခြင်းဖြစ်သောကြောင်း စစ်အစိုးရက အမြတ်ထွက်စရာအကြောင်းမရှိကြောင်းနှင့် ထိုစနစ်ကြောင့် အမေရိကန်ဒေါ်လာ (၁၀) သန်းခန့်ဆုံးရှုံးခဲ့ခြင်းတွင် မည်သူအမြတ်ထွက်နေသလဲဆိုသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောခဲ့သည်။

သတင်းထောက်တယောက်က "ခင်ဗျားက စစ်အစိုးရဘဏ်ကို တဒေါ်လာပေးလိုက်ရင် အစိုးရဘဏ်က (၇၅) ဆင့်တန်စာရွက်တချပ်ပြန်ပေးလိုက်တယ်ဆိုရင် စစ်အစိုးရပဲ အမြတ်ထွက်တယ်ဆိုတာ သေချာနေတဲ့အတွက် နောင်ဒီလိုဖြစ်လာရင် ဘယ်လိုဖြေရှင်းမလဲ။ ဘယ်လို ဖော်ထုတ်ပြောဆိုမလဲ" ဟု သတင်းထောက်တဦးမှ မစ္စတာဂျွန်ဟုမ်းစ်အားမေးမြန်းခဲ့ကြောင်း ဒီဗွီဘီသတင်းတွင်ဖော်ပြထားသည်။

မစ္စတာဂျွန်ဟုမ်းစ်က "အက်ဖ်အီးစီနဲ့ ဒေါ်လာဈေးကွာနေတာကို အသိနောက်ကျခဲ့ပါတယ်။ အက်ဖ်အီးစီဈေး ပိုကျသွားတာကလည်း ဇွန်လမှာဖြစ်တဲ့အတွက် စစ်အစိုးရနဲ့ ဆွေးနွေးပြီး ဒီပြဿနာကို ဖြေရှင်းဖို့ကြိုးစားနေပါတယ်"ဟု ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်ရေး ဥပဒေများအရ နိုင်ငံခြားအေဂျင်စီများနှင့် ခရီးသွားများယူဆောင်လာသော အမေရိကန်ဒေါ်လာငွေအား စစ်အစိုးရ၏ အက်ဖ်အီးစီငွေနှင့် ဦးစွာလဲလှယ်ရသည်။ ထို့မှတဆင့် မြန်မာငွေနှင့် ထပ်မံလဲလှယ်ယူကြရခြင်းဖြစ်သည်။ အစိုးရ၏ တရားဝင်ငွေလဲနှုန်းမှာ အမေရိကန်တဒေါ်လာလျှင် မြန်မာငွေ (၆) ကျပ်ကျော်သာဖြစ်သည်။

နိုင်ငံခြားငွေအပိုရရှိလာစေနိုင်ရေးအတွက် အတုအယောင်ငွေလဲလှယ်နှုန်းများကို မြန်မာစစ်အစိုးရက အသုံးပြုနေကြောင်း ဝေဖန်သူများက သုံးသပ်ထားသည်။ နာဂစ်မုန်တိုင်းဒဏ်ခံနေကြရသော မြန်မာပြည်သူများအတွက် နိုင်ငံတကာ၏ ကူညီထောက်ပံ့မှုများအား မြန်မာစစ်အုပ်စုက ကန့်သတ်ချုပ်ခြယ်မှုများကြောင့် အပြည်ပြည်ဆိုင်ရာမှ ဝိုင်းဝန်းရှုတ်ချမှုများထွက်ပေါ်လာခဲ့ပြီးနောက်တွင် ယခုကဲ့သို့ ကုလသမဂ္ဂမှ ငွေကြေးဆိုင်ရာဆုံးရှုံးမှုအကြောင်း တရားဝင်ထုတ်ဖော်ကြေညာလိုက်ခြင်းဖြစ်သည်။

ကုလသမဂ္ဂ၊ အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) နှင့် မြန်မာနိုင်ငံတို့ ပူးတွဲထုတ်ပြန်ခဲ့သော မုန်တိုင်းအလွန်ဆန်းစစ်ချက်အစီရင်ခံစာတွင် လာမည့် သုံးနှစ်အတွင်း မြန်မာနိုင်ငံအတွက် ဒေါ်လာ သန်းပေါင်း (တထောင်) လိုအပ်ကြောင်းလည်း ဖော်ပြပါရှိသည်။ နိုင်ငံတကာမှ မုန်တိုင်းဒုက္ခသည်များအတွက် အမေရိကန်ဒေါ်လာ သန်း (၂၀၀) ခန့်ထည့်ဝင်ခဲ့ပြီးဖြစ်သော်လည်း ကုလသမဂ္ဂက ဒေါ်လာ (၄၈၂) သန်းအထိထည့်ဝင်ရန် အလှူရှင်များနှင့် ညှိနှိုင်းနေဆဲဖြစ်သည်။

မေလ (၂) နှင့် (၃) ရက်နေ့များတွင် တိုက်ခတ်ခဲ့သော အင်အားပြင်းထန်သည့် နာဂစ်မုန်တိုင်းကြောင့် မြန်မာပြည်သူပေါင်း တသိန်းလေးသောင်းခန့် သေကျေပျက်စီးခဲ့ကြရပြီး အိုးအိမ်၊ ကျွဲနွားနှင့် မြေယာဆုံးရှုံးမှုများလည်း ကြီးမားခဲ့ကြောင်းသိရသည်။

## ဘိုကလေးမြို့နယ်အတွင်း ကျေးရွာအုပ်စု (၇၀) နီးပါးအတွင်း ကျွဲ၊ နွားများ ပါးကြိတ်ယောင်ရောဂါဖြစ်၍ သေဆုံးနေ

ဇူလိုင် (၃၁) ရက်။

ဧရာဝတီတိုင်း လေဘေးသင့်ဒေသတချို့တွင် ကျွဲ၊ နွားများ အစုလိုက်၊ အပြုံလိုက်သေဆုံးနေကြောင်း သတင်းရရှိသည်။ ကျွဲ၊ နွားများသည် ပါးကြိတ်ယောင်ရောဂါဖြစ်ပွားသည့်လက္ခဏာဖြစ်ပွားပြီးနောက် ရက်ပိုင်းအတွင်းသေဆုံးကြရခြင်းဖြစ်ကြောင်း ဒေသခံလယ်သမားများက ပြောသည်။ လေဘေးသင့်ဒေသများအတွင်းတွင် ထိုရောဂါ မည်မျှကျယ်ပြန့်စွာဖြစ်နေသည်ကို အတိအကျမသိရသေးသော်လည်း ဘိုကလေးမြို့နယ်အတွင်း ကျေးရွာအုပ်စု (၆၉) ခုအတွင်းရှိ ရွာတိုင်းနီးပါးတွင် ဖြစ်ပွားနေကြောင်းသိရသည်။ ထိုသို့ရောဂါဖြစ်ပွားနေခြင်းအား သက်ဆိုင်ရာ အာဏာပိုင်များထံသို့ အကြောင်းကြားသော်လည်း ယခုချိန်အထိ အရေးယူဆောင်ရွက်ပေးမှု တစုံတရာမရှိခဲ့သေးကြောင်းရွာများတွင် တာဝန်ကျနေသော တိရိစ္ဆာန်ဆေးကုဆရာဝန်များသည်လည်း တာဝန်ကျရာရွာများတွင် ရှိမနေကြကြောင်းသိရသည်။ ❖

# လပွတ္တာမှ လေဘေးဒုက္ခသည်များက ဒုက္ခသည်စခန်းများမှနှင်မထုတ်ရန်

## နိုင်ငံတော်ဝန်ကြီးချုပ်အားတောင်းပန်သော်လည်း အစည်းဝေးတွင်စဉ်းစားမည်ဟုသာပြောဆိုခဲ့

ဇူလိုင် (၂၉) ရက်။



နာဂစ်ဆိုင်ကလုန်းဒဏ်ကြောင့်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့်ဒုက္ခသည်များ

လပွတ္တာမြို့ ဒုက္ခသည်စခန်းသို့ ဇူလိုင်လ (၂၈) ရက်နေ့က လာရောက်စစ်ဆေးသော ဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်၏ မော်တော်ကားကို ဒုက္ခသည်အမျိုးသမီးများက တားဆီး၍ ဒုက္ခသည်စခန်းများမှ နှင်မထုတ်ရန် တောင်းဆိုခဲ့ကြသည်။

အာဏာပိုင်များ၏ညွှန်ကြားချက်အရ လပွတ္တာဒုက္ခသည်စခန်းတာဝန်ခံများသည် ဒုက္ခသည်များအား ဇူလိုင်လ (၃၀) ရက်နောက်ဆုံးထား၍ စခန်းမှဖယ်ရှားပေးရန်နှင့် နေရပ်သို့ပြန်ရန် အမိန့်ပေးထားသည်။ စခန်းအားလုံးနီးပါးတွင် ဒုက္ခသည်များ မရှိသလောက်နီးပါး ထွက်ခွာသွားကြရပြီဖြစ်သော်လည်း အမှတ် (၃) ဒုက္ခသည်စခန်းတွင် ဒုက္ခသည် (၁,၀၀၀) မျှနှင့် အမှတ် (၅) စခန်းတွင် (၁၀၀) ခန့်ကျန်နေသေးကြောင်း ဒီဗွီဘီသတင်းတွင်ပါရှိသည်။

လပွတ္တာမြို့၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူက "အဆောက်အဦးကလည်း ပြည့်ပြည့်စုံစုံမပြီးသေးဘူး။ စားရေးကျတော့လည်း ထောက်ခံပေးလိုက်မယ်ဆိုရင် ဆယ့်ငါးရက်စာရိက္ခာပေးလိုက်မယ်။ ရေရှည်ကျရင် တစုတဝေးတည်းနေရတာမဟုတ်ဘဲနဲ့ ပြန့်ကျဲပြီးနေရတဲ့အခါကျတော့ ရာသီဥတုဒဏ်၊ ကြောက်တာတွေ၊ ကျန်းမာရေးတွေ သက်သက်ကိုနှိပ်စက်ရာကျသွားပြီ။ လှိုင်းသံ၊ လေသံကြားရင် သူတို့မခံနိုင်ဘူးလေ။ စိတ်ဓာတ်ကျသွားတာ။ လုပ်ကိုင်စားသောက်ဖို့ကလည်း မလွယ်သေးဘူးလေ" ဟု ပြောဆိုခဲ့သည်။

ဝန်ကြီးချုပ်၏ကားကိုတားခဲ့သောအမျိုးသမီးများကလည်း ဝန်ကြီးချုပ်ကားပေါ်မှဆင်းလာသောအခါ "ကျမတို့မပြောင်းချင်ပါဘူး။ ဒီမှာ မြေကွက်တနေရာလေးပဲရရ၊ အမိုးမပါရင်နေ၊ ဓနိမိုးလေးနဲ့ပဲနေပါရစေ၊ ဟိုမသွားပါရစေနဲ့။ ဟိုမှာ လေဒဏ်မိုးဒဏ်ကို ကျမတို့ကြောက်လှပါပြီ။ မသွားပါရစေနဲ့" ဟု တောင်းပန်ခဲ့ကြသော်လည်း ဝန်ကြီးချုပ်က "အစည်းအဝေးကျရင် ထပ်စဉ်းစားပေးမယ်" ဟူ၍သာဖြေခဲ့ကြောင်းလည်း သိရသည်။

ယခုရက်ပိုင်းအတွင်း ပြန်ပို့ခံခဲ့ရပြီးသောဒုက္ခသည်များမှာလည်း လပွတ္တာမြို့သို့ ပြန်ရောက်လာကြပြီး စားဝတ်နေရေးအတွက် အလုပ်ရှာနေကြကြောင်းနှင့် ခေါင်းအေးအေးစဉ်းစားပြီးမှသာ ရွှေ့ဖို့ကောင်းကြောင်း ဒေါက်တာအေးကြူကပြောသည်။ ❖

# မုန်တိုင်းဒဏ်ခံရသည့်မြို့နယ်မှလယ်သမားများ အခက်အခဲမျိုးစုံဖြင့်ရင်ဆိုင်ရ



အပင်ပေါက်လာသည့်မျိုးစပါးများ



ပျက်စီးခဲ့ရသည့်လယ်ကွက်များတွင်ပြန်လည်စိုက်ပျိုးရန်အတွက်ထွန်ယက်ပြုပြင်နေစဉ်

မုန်တိုင်းဒဏ်ခံရသည့် ဧရာဝတီတိုင်းမှ လယ်သမားများသည် စပါးစိုက်ပျိုးရာတွင် ထွန်တုံး၊ ထွန်တံ၊ ကျွဲနွားမရှိခြင်း၊ စပါးမျိုး မသန့်ခြင်း၊ လက်တွန်းထွန်စက်များသည်လည်း လိုအပ်ချက်နှင့်ကိုက်ညီမှုမရှိခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေ မလုံလောက်ခြင်း၊ စသည့် အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေကြရသည်။

အစိုးရပေးသောမျိုးစပါးတို့သည် အချို့နေရာများတွင် ရှင်သန်ပေါက်ရောက်နေသော်လည်း အချို့နေရာများတွင် နှစ်ကြိမ်၊ သုံးကြိမ်ပြန်လည်စိုက်ယူနေကြရကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

မုန်တိုင်းကြောင့် ကျွဲ၊ နွားအသေအပျောက်များခဲ့ရခြင်းကြောင့် စစ်အုပ်စုက လက်တွန်းထွန်စက်များပေးထားပြီး 'လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့' ဟူသောကြွေးကြော်သံနှင့် လယ်ထွန်စက်များကို ချပေးခဲ့သည်။ သို့သော် လက်တွန်းထွန်စက်များသည် ခွေးသွားစိတ်များပြုန်းကျွေကာ အလုပ်မဖြစ်သည့်အပြင် လယ်သမားအနေနှင့် လက်တွန်းထွန်စက်များအား ယခုမှစတင်အသုံးပြုရခြင်းဖြစ်၍လည်း အခက်ကြုံနေကြရသည်။ ဧရာဝတီတိုင်းမှ လယ်သမားများအနက် လေးပုံတပုံသာ လယ်ပိုင်ရှင်များဖြစ်ပြီး အများစုမှာ အခစားလယ်လုပ်သားများဖြစ်သည်။

လယ်ပိုင်ရှင်များသည်လည်း စပါးမပေါ်မီ လယ်လုပ်သားကို ငှားရမ်းခ၊ ကျွေးမွေးစရိတ်တို့အတွက် ငွေရေးကြေးရေး အခက်အခဲများနှင့်ရင်ဆိုင်နေရသည်။ လယ်သမားအများအပြားမှာ မုန်တိုင်းဘေးကြောင့် သေဆုံးခြင်းကြောင့်လည်းကောင်း၊ လယ်ပိုင်ရှိသူများကလည်း လယ်လုပ်သားငှားရမ်းရန် မတတ်နိုင်ခြင်းနှင့် မကျွေးမွေးနိုင်ခြင်းတို့ကြောင့် လယ်သမားတချို့တို့သည် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လက်ခစားအဖြစ်လည်းကောင်း၊ တချို့မှာ မြို့များသို့သွား၍ ရရာအလုပ်များကို လုပ်ကိုင်နေကြရသည်။

တချို့ကျေးရွာများတွင် ကုမ္ပဏီများမှဆောင်ရွက်သည့်အတိုင်း အစိုးရကဦးစီး၍ လယ်ထွန်စက်ကြီးတွေနှင့် ထွန်ယက်ပေးမည်ဆိုပါက အဆင်ပြေမည်ဖြစ်ကြောင်း လယ်သမားများကပြောဆိုလျှက်ရှိသည်။ ဧရာဝတီတိုင်းတွင် စပါးစိုက်ဧက (၁၄) သန်းရှိပြီး လက်ရှိအခြေအနေအရ စိုက်ပျိုးမြေ၏ လေးပုံတပုံလောက်သာ စိုက်ပျိုးနိုင်မည်ဟု လေ့လာသူများကပြောဆိုပါသည်။

ဓာတ်မြေဩဇာတအိတ်လျှင် အစိုးရထုတ်ဈေးမှာ ကျပ်နှစ်သောင်းငါးထောင် (၂၅,၀၀၀) ဖြစ်ပြီး အပြင်ပေါက်ဈေးသည် လေးသောင်းရှစ်ထောင် (၄၈,၀၀၀) ဖြစ်သည်။ အစိုးရက တဧကလျှင် ကျပ် (၈,၀၀၀) နှုန်းချေးသည်ဆိုသော်လည်း လယ်ဧကများသလောက်ချေးပေးနိုင်ခြင်းမရှိဘဲ အများဆုံးချေးငွေမှာ ကျပ်ခြောက်သောင်း (၆၀,၀၀၀) အထိသာဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးစရိတ်မလုံလောက်သောလယ်သမားများသည် ပုဂ္ဂလိကငွေချေးသူများထံမှ ကျပ် (၁၀၀) လျှင် (၁၀) တိုး၊ (၂၀) တိုးများနှင့် ချေးယူစိုက်ပျိုးနေရကြောင်း သိရသည်။ ❖

## မုန်တိုင်းဒဏ်ခံခဲ့ရသည့်အိမ်များ ပြန်လည်ပြုပြင်ဆောက်လုပ်ခြင်းအား မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အခွန်ငွေများကောက်ခံနေ




နာဂစ်ဆိုင်ကလုန်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လူနေအိမ်အချို့

ဇူလိုင် (၂၉) ရက်။

ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်တွင် မုန်တိုင်းကြောင့်ပျက်စီးသွားခဲ့ရသည့်အိမ်များအား ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီက အခွန်များကောက်ခံနေသည့်အတွက် ဒေသခံများမှာ စိတ်သောကရောက်နေကြရသည်။

ပြန်လည်ပြုပြင်သည့် အိမ်၏အခြေအနေကိုကြည့်၍ စည်ပင်ဝန်ထမ်းများက ကျပ်တသိန်း၊ နှစ်သိန်းအထိကောက်ခံနေကြောင်း ဒေသခံတဦးမှ ပြောပြသည်။

မုန်တိုင်းကြောင့် အိုးအိမ်များပျက်စီးဆုံးရှုံးသွားသဖြင့် ဒုက္ခရောက်နေချိန်တွင် အိမ်ပြင်ဆင်သည့်အတွက် အခွန်အတောင်းခံရသောကြောင့် မကျေမနပ်ဖြစ်နေသူတဦးက "အများနည်းတူ ပျက်လို့ပြင်တာပါ။ တကယ်ပျက်စီးလို့ပြင်တာပါ။ အသစ်လည်းမဆောက်ကြပါဘူး။ အဲဒါကိုလာတောင်းတယ်ဆိုတော့တွက်ကြည့်၊ ဒီလိုဒုက္ခရောက်နေတဲ့အချိန်မှာ သူတို့အနေနဲ့ မလုပ်သင့်ပါဘူး။ လူတွေကစိတ်ရှုပ်ထွေးပြီးတော့ အရမ်းလည်းစိတ်ဓာတ်ကျနေတဲ့အချိန်၊ စီးပွားရေးတွေကလည်း ဘာမှပြေပြေလည်လည်မရှိကြဘူး။ တကယ့်တကယ် ဒုက္ခရောက်နေတဲ့အချိန်မှာ သူတို့အနေနဲ့ နားလည်မှုတော့ပေးသင့်ပါတယ်"ဟု ပြောပြခဲ့သည်။

လပွတ္တာမြို့နယ်တွင် မုန်တိုင်းကြောင့် လူ (၁, ၂၀၀) ကျော်သေဆုံးခဲ့ပြီး ပျက်ဆီးမှုအဆိုးရွားဆုံးခံစားရသော်လည်း ယခုအခါ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ဒုတိယအဆင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းအနေနှင့်လည်း လယ်ယာမြေ ဧကပေါင်း (၂) သန်းကျော်ကိုလည်း မုတ်သုံရာသီအမီ ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်အုပ်စုကထုတ်ပြန်ထားသည့် သတင်းအပေါ်ကိုးကားပြီး ဆင်ဟွာသတင်းဌာနတွင်ဖော်ပြခဲ့သည်။

ဇူလိုင်လ (၂၉) ရက်၊ အင်္ဂါနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ရန်ကုန်အခြေစိုက် သတင်းထောက်အချို့နှင့် မြန်မာနိုင်ငံတွင်းရှိသံတမန်များအား မုန်တိုင်းသင့်ဇုံဖြစ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ လိုက်လံပြသခဲ့သည်။ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဦးကျော်သူဦးဆောင်သော ထိုခရီးစဉ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်နိုင်ငံ စစ်သံမှူးကြီးတို့နှင့်အတူ ရိုက်တာသတင်းဌာနနှင့် ဆင်ဟွာသတင်းဌာနတို့မှ သတင်းထောက်များသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဖျာပုံ၊ လပွတ္တာ၊ ဘိုကလေးမြို့များသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

မြန်မာစစ်အစိုးရအနေနှင့် ယခုကဲ့သို့ သတင်းထောက်များအား တရားဝင်လိုက်ပါသတင်းယူခွင့်ပြုခဲ့သည်မှာ ပထမဦးဆုံးအကြိမ်ဖြစ်သည်။ ❖

## မြို့နယ်အာဏာပိုင်က ဒုက္ခသည်တို့အားပေးဝေသည့်ရိက္ခာဆန်များကို အလွဲသုံးစားလုပ်နေသော်လည်း တာဝန်ရှိသူတို့မှ အရေးယူခြင်းမရှိ




ဒုက္ခသည်တို့အားပေးဝေမည့် ဆန်အိတ်တချို့

ဩဂုတ်လ (၆) ရက်။

ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်မှ ရပ်ကွက်အာဏာပိုင်က လေဘေးသင့်ဒုက္ခသည်များအားပေးဝေရမည့်ဆန်ကို အလွဲသုံးစားလုပ်၍ နေပြည်တော်ရှိ အာဏာပိုင်များထံသို့ တိုင်ကြားထားသော်လည်း အရေးယူခြင်းမရှိသောကြောင့် ဗိုလ်ချုပ်သန်းရွှေထံသို့ တိုင်တန်းရန်ပြင်ဆင်နေကြောင်း ဒေသခံတဦးက ပြောသည်။

ရန်ကုန်တိုင်း၊ သုံးခွမြို့နယ် မယက ဥက္ကဋ္ဌမှ စပယ်ချောင်ရွာ၊ ချောင်းဝ၊ ညောင်လေးပင်နှင့် ကျုံကြိတ်ရွာတို့အတွက် ဆန် (၅၃) အိတ် ခွဲတန်းချပေးခဲ့သည်။ စပယ်ချောင်ရွာမှ ရယကဥက္ကဋ္ဌ ဦးဌေးအောင်သည် ၎င်း၏ရွာသို့ဆန် (၄၃) အိတ်ယူဆောင်၍ ကျန်သုံးရွာအား (၁၀) အိတ်သာပေးဝေခဲ့သည်။

စပယ်ချောင်ရွာ၌ ဆန်ပေးဝေရာတွင်လည်း ၎င်း၏ဆွေမျိုးအသိုင်းအဝိုင်းကိုသာ ဝေငှခဲ့သောကြောင့် တရွာတည်းနေသူ ကိုထိန်လင်းမောင်က မျှမျှတတဝေရန်ပြောဆိုခြင်းကို ဆဲသည်ဟုဆိုကာ ရဲစခန်းသို့တိုင်ကြားသောကြောင့် အဖမ်းခံခဲ့ရသည်။ ရွာသားများကမကျေနပ်၍ ရဲစခန်းရှေ့တွင်စုဝေးရောက်ရှိပြီး ပြန်လည်လွှတ်ပေးရန်တောင်းဆိုသောကြောင့် ကိုထိန်လင်းမောင်လွှတ်မြောက်လာခဲ့ကြောင်း ဒီဗွီဘီသတင်းတွင်ပါရှိသည်။

ဆက်လက်၍ ကိုထိန်လင်းမောင်က ဤသို့ အလွဲသုံးစားပြုခြင်းကို ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနများသို့ တိုင်ကြားထားသော်လည်း အရေးယူခြင်းမရှိသည့်အတွက် နေပြည်တော်ရှိ ဗိုလ်ချုပ်သန်းရွှေထံသို့ ဆက်လက်တိုင်ကြားရန်ပြင်ဆင်နေကြောင်း သိရသည်။

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောနည်းဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအတွက်အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများသို့ တိုင်ကြားနိုင်သည်ဟု တရားဝင်ကြေညာချက်ထုတ်ပြန်ထားသော်လည်း အရေးယူဆောင်ရွက်ပေးခြင်းမရှိပေ။

❖

## မြန်မာဂီတပညာရှင်များမှ ဖျော်ဖြေပွဲများပြုလုပ်၍ ဆိုင်ကလုန်းဒုက္ခသည်များအတွက် ရန်ပုံငွေရှာ



မုန်တိုင်းဒဏ်ခံရသည့် ကလေးငယ်တချို့

နာဂစ်မုန်တိုင်းဒုက္ခသည်များအား ကူညီနိုင်ရေး မြန်မာဂီတပညာရှင်များနှင့် ဟာသအနုပညာရှင်များပူးပေါင်း၍ တေးဂီတစင်မြင့်ဖျော်ဖြေပွဲများကို ပြည်တွင်းပြည်ပတို့တွင် ဆက်တိုက်ကျင်းပခဲ့ကြသည်။

ဇူလိုင် (၂၆) ရက်နှင့် (၂၇) ရက်နေ့များတွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ် Happy World ကစားကွင်းရှိ ပြဇာတ်ရုံတွင် အဆိုတော် ရင်ဂို၊ စည်သူလွင်၊ ကိုင်ဇာ၊ သျှီ၊ ဇော်ပိုင်နှင့်တခြားသော ဟစ်ဟော့အဆိုတော်များပါဝင်ပြီး ကင်းကောင်၊ ဇေရာ၊ မေတ္တာ စသည့်လူရွှင်တော်များလည်း ပါဝင်ဖျော်ဖြေခဲ့ကြပြီး ပထမနေ့တွင် ကျပ်သိန်း (၂၀) နှင့် ဒုတိယနေ့တွင် (၁၇) သိန်း ရရှိခဲ့ကြကြောင်း သိရှိရသည်။

လာမည့်ဩဂုတ်လ (၃) ရက်နေ့ မွန်းလွဲ (၁) နာရီရန်ကုန် သုဝဏ္ဏ မိုးလုံလေလုံအားကစားကွင်းမှာ နာမည်ကြီးဟစ်ဟော့ပ် အဆိုတော် အယောက် (၄၀) ကျော်ပါဝင်သည့်ရှိုးပွဲကိုလည်း ပထမဆုံးအကြိမ် ကျင်းပမှာဖြစ်ကြောင်း ဂီတအစည်းအရုံး တွဲဖက်အတွင်းရေးမှူး (၃) တေးရေးဆရာ မောင်သစ်မင်းကပြောသည်။

ပွဲဝင်ကြေးကို ကျပ် (၅,၀၀၀) နှင့် ကျပ် (၈,၀၀၀) ရောင်းချနေပြီး ဆယ်ကျော်သက်လူငယ်တွေအများဆုံး ဝယ်ယူအားပေးနေသည်တွေ့ရကြောင်း မောင်သစ်မင်းကပြောသည်။ ဤပွဲစဉ်အား ဂီတအစည်းအရုံးက ဦးစီးကျင်းပခြင်းဖြစ်ပြီး ရရှိလာမည့်ငွေအားလုံးကိုလေဘေးဒုက္ခသည်အား တိုက်ရိုက်လှူဒါန်းမည်ဖြစ်ကြောင်းပြောသည်။

အလားတူပင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ kokaldo ခန်းမတွင်လည်း အဆိုတော် ခင်မောင်တိုး၊ အာဇာနည်၊ မေခလာ၊ ရတနာနှင့် မေစံပယ်ညို စသောအဆိုတော်များသည် နာဂစ်ရန်ပုံငွေအတွက် သီဆိုဖျော်ဖြေခဲ့ကြရာ ကျပ်သိန်း (၄၀) ကျော်ရရှိကြောင်းနှင့် အဆိုတော်များကိုယ်တိုင် မုန်တိုင်းသင့်ဒေသများသို့ သွားရောက်လှူဒါန်းစေမည်ဖြစ်ကြောင်းလည်း ပြပွဲကျင်းပရေးကော်မတီအဖွဲ့ဝင်တဦးကပြောသည်။

ဩဂုတ်လထဲမှာပင် Iron Cross တေးဂီတအဖွဲ့ကဦးစီးပြီး အဆိုတော်လေးဖြူ သီဆိုဖျော်ဖြေမည့် နာဂစ်လေဘေးဒုက္ခသည်များအလှူငွေ စင်မြင့်ဖျော်ဖြေပွဲကိုလည်း ကျင်းပမည်ဟု IC အဖွဲ့မှ ကိုခင်မောင်သန့်ကပြောသည်။

"လူအများကြီးလာမှာဖြစ်တဲ့အတွက် ရုံနေရာကျယ်ကျယ်ဝန်းဝန်းရှာနေပါတယ်။ နေရာမရသေးတော့ ရက်အတိကျတော့ မသိသေးဘူး။ ကိုလေးဖြူကိုလည်း သီချင်းဆိုဖို့ကို အထူးအကူအညီတောင်းထားပါတယ်"ဟုပြောခဲ့သည်။

နာဂစ်မုန်တိုင်းဒုက္ခသည်များအတွက်ပင် IC အဖွဲ့နှင့် ကိုခင်မောင်သန့်ဦးစီးပြီး "ကမ်းလင့်မယ့်လက်များ"ဟု အမည်ရသည့် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ တို့အပါအဝင် အဆိုတော်(၂၂) ဦးပါဝင်သီဆိုထားသော တေးစီးရီအခွေကိုလည်း လာမည့်လတွင် ထွက်ရှိမည်ဖြစ်ကြောင်းသိရသည်။

ဤသို့ မြန်မာပြည်မှ ပြည်သူချစ်သော နာမည်ကြီး ဟစ်ဟော့အဆိုတော်များအားလုံး စုပေါင်းပြီး နာဂစ်ဒုက္ခသည်များအား ကူညီရန်ကြိုးပမ်းနေချိန်တွင် မြန်မာလူငယ်လူထုအကြား ဟစ်ဟော့ပ်ဂီတကို စတင်မိတ်ဆက်ပေးခဲ့သည့် အက်ဆစ်အဖွဲ့မှ လူငယ်အဆိုတော် ရန်ရန်ချမ်းနှင့် ဇေယျာသော်တို့မှာမူ စက်တင်ဘာသံဃာ့လှုပ်ရှားမှုနောက်ပိုင်းတွင် နအဖစစ်အစိုးရမှ အင်းစိန်ထောင်တွင် ချုပ်နှောင်ဖမ်းဆီးထားသည်။ ❖

### မျက်နှာဖုံး လူ့အခွင့်အရေးအဖွဲ့သတင်းမှ ...

မျက်နှာဖုံး လူ့အခွင့်အရေးအဖွဲ့သတင်းမှ ...

ကုန်ပိုင်းက စမ်းချောင်းမြို့နယ်တွင် အမည်မသိသူတဦး၏ ချောင်းမြောင်းရိုက်နှက်ခံခဲ့ရပြီး ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိပြီး (၅) ချက်ချုပ်ခဲ့ရသည်။ လူ့အခွင့်အရေးစာရွက်စာတမ်းများဖြန့်ဝေမှုဖြင့် ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ (၃၀) ရက်နေ့က အဖမ်းခံခဲ့ရပြီး နိုဝင်ဘာ (၁၃) ရက်နေ့တွင် ပြန်လည်လွှတ်မြောက်လာခဲ့သည်။

ဩဂုတ်လ (၆) ရက်နေ့ညကလည်း (HRDP) အဖွဲ့မှ ကိုမျိုးမင်းနှင့် ကိုသန့်ဇော်မြင့်တို့ (၂) ဦးအား ဖမ်းဆီးထားခဲ့သည်။ ယခုအခါတွင် (HRDP) အဖွဲ့မှာ ဖမ်းဆီးခံရသူပေါင်းမှာ (၃၀) ဝန်းကျင်ခန့်ရှိနေပြီဖြစ်ကြောင်းလည်းသိရသည်။

၂၀၀၇ ခုနှစ်၊ ဧပြီလအတွင်းကလည်း ဟသ်ာတမြို့နယ်၊ အုပ်ပုံရွာတွင် လူ့အခွင့်အရေးဆိုင်ရာအကြောင်းအရာတို့အား ရှင်းလင်းပြောပြနေခဲ့သော (HRDP) အဖွဲ့ဝင်နှစ်ဦးဖြစ်သော ကိုမောင်မောင်လေးနှင့် ကိုမြင့်နိုင်တို့နှစ်ဦးအား ကြံ့ဖွံ့အဖွဲ့ဝင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိပြီးနောက် ရန်ကုန်ဆေးရုံကြီး၏ ဦးနှောက်နှင့်အာရုံကြောဌာနတွင် ဆေးဝါးကုသမှုခံခဲ့ကြရသည်။

လက်ရှိအခြေအနေတွင် ကိုမြင့်နိုင်သည် ဟသ်ာတအကျဉ်းထောင်အတွင်းတွင် အမှုရင်ဆိုင်နေရဆဲဖြစ်ပြီး (HRDP) အဖွဲ့ဝင်နောက်တဦးဖြစ်သူ အသက် (၆၀) ကျော် ဦးဘငြိမ်းသည်လည်း ဟသ်ာတအကျဉ်းထောင်အတွင်းတွင် (၂) ကြိမ်တိုင်တိုင် လေဖြတ်ဝေဒနာခံစားခဲ့ရပြီးနောက် ယခုအခါ စကားကောင်းစွာမပြောနိုင်တော့ကြောင်းလည်းသိရသည်။ ❖

**စာမျက်နှာ (၆)**
**အဲန်ဒီဒီပြည်တွင်းသုံးသပ်ချက်မှ**

ပစ်လိုက်တဲ့အချိန်ကစလို့ မြန်မာ့တပ်မတော်တခုလုံးကို သူ့စိတ်ကြိုက်ချယ်လှယ်ဖန်တီးပုံသွင်းယူလာခဲ့တာ ဖြစ်ပါတယ်။ သူ့ကိုခြေရာတိုင်းပြီး ကလန်ကဆန်လုပ်ဖို့ ကြိုးစားခဲ့တဲ့ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ သူ့ရဲ့စစ်ထောက်လှမ်းရေးတဖွဲ့လုံးကို ၂၀၀၄ ခုနှစ် နှစ်ကုန်ပိုင်းမှာ မြေလှန်ရှင်းလင်းပစ်လိုက်တဲ့အချိန်ကစပြီး တပ်ထဲမှာသူ့ကို မော့်ကြည့်ရဲတဲ့သူ တယောက်မှမရှိတော့တာ တွေ့ရပါတယ်။

တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အနေနဲ့လည်း ၁၉၉၄–၉၅–၉၆ လောက်က တပ်မမှူးအဆင့်လောက်အထိ ပြောင်းရွှေ့ခန့်အပ်မှုတွေကို ကိုယ့်သဘောနဲ့ကိုယ် လုပ်ပိုင်ခွင့်ရှိခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ အတည်ပြုချက်မပါရင် ဘာမှလုပ်လို့မရတော့ကြောင်း သိရှိရပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကိုယ်တိုင် ဖြုတ်ထုတ်ရှင်းတဲ့အထဲပါမသွားရအောင် အခြေအနေကို ကြည့်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုတ်တရက်သေဆုံးမယ့်အချိန်ကို အရက်သောက်ရင်းနဲ့ထိုင်စောင့်နေရတယ်လို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှာ နှစ်အတန်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ တပ်မတော်အရာရှိတဦးက ပြောဆိုခဲ့ဖူးပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ တပ်မတော်ရဲ့ထိပ်ပိုင်းရာထူးတွေအတွက် မျိုးဆက်သစ်ဗိုလ်ချုပ်တွေကို မွေးမြူလာခဲ့ရာမှာ အခုဆိုရင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှာ ဗိုလ်ချုပ်ကြီး ရွှေမန်း၊ ဒုဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုဗိုလ်ချုပ်ကြီး မြင့်လှိုင်၊ ဒုဗိုလ်ချုပ်ကြီး ရဲမြင့်(စရခ) နဲ့ မကြာခင် ဒုဗိုလ်ချုပ်ကြီးတွေဖြစ်လာကြတော့မယ့် ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်၊ ဗိုလ်ချုပ်သူရမြင့်အောင်တို့အပြင် အခုအသစ်ခန့်အပ်လိုက်တဲ့ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်လှဌေးဝင်း၊ ဗိုလ်ချုပ်ကိုကိုနဲ့ ဗိုလ်ချုပ်ဉာဏ်ထွန်းတို့ ရောက်ရှိနေကြပြီဖြစ်ပါတယ်။ စစ်တိုင်း (၁၃) တိုင်းမှာလည်း DSA အပတ်စဉ် (၂၂) ကျောင်းဆင်း တိုင်းမှူး (၇) ဦး (ဗိုလ်ချုပ်ကျော်ဆွေ၊ ဗိုလ်ချုပ်တင်ငွေ၊ ဗိုလ်မှူးချုပ်စိုးဝင်း၊ ဗိုလ်မှူးချုပ်ရာပြည့်၊ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဗိုလ်မှူးချုပ်လှမင်း) အပါအဝင် မျိုးဆက်သစ်စစ်တိုင်းမှူးတွေနဲ့ အစားထိုးထားပြီးဖြစ်သလို၊ တပ်မ (၁၀) ခု၊ စကခ (၁၉) ခုနဲ့ ဒကစ (၇)ခုမှာလည်း မျိုးဆက်သစ်တပ်မှူးတွေနဲ့ အစားထိုးနေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်ရုံးချုပ် အကူလက်ရုံးတပ်ဖွဲ့တွေနဲ့ တပ်မတော် (လေ)၊ တပ်မတော် (ရေ) တို့မှာလည်း မျိုးဆက်သစ်တပ်မှူးတွေနဲ့အစားထိုးနေပြီ ဖြစ်ပါတယ်။

နအဖက နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် အတိဒုက္ခရောက်နေကြတဲ့ မြန်မာပြည်သူတွေကို မငဲ့ကွက်ဘဲ သူတို့စိတ်တိုင်းကျရေးဆွဲထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအကျပ်အတည်ပြုနိုင်ခဲ့ပေမယ့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်မှာ ရင်ဆိုင်ရမယ့် စိမ်ခေါ်မှုတွေ အများအပြားကျန်ရှိနေသေးတာကို တွေ့နိုင်ပါတယ်။ မြန်မာ့တပ်မတော်ကို ယုံကြည်စိတ်ချရတဲ့ မျိုးဆက်သစ်တပ်မှူးတွေရဲ့လက်ထဲကို စနစ်တကျ လွှဲပြောင်းပေးနိုင်ရေး၊ ပါလီမန်အဆင့်ဆင့်နဲ့ ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရစတဲ့ အုပ်ချုပ်ရေးအဆင့်ဆင့်မှာ စစ်ဗိုလ် (၂၅) ရာခိုင်နှုန်း ပါဝင်နိုင်ဖို့အတွက် တပ်ထဲမှာသုံးမရတဲ့သူတွေကို စီစစ်ရွေးချယ်စေလွှတ်နိုင်ရေး၊ ကြံ့ဖွံ့အသင်းကို အသွင်ပြောင်းဖွဲ့စည်းမဲ့ စစ်တပ်ပိုင် နိုင်ငံရေးပါတီကြီးမှာ တပ်မတော်ထဲက အိုပယ်တွေကို နေရာချထားပေးရေး၊ အနာဂါတ်မြန်မာနိုင်ငံရဲ့စီးပွားရေးလောကကို တပ်မတော်အသိုင်းအဝိုင်းက ဆက်လက်လက်ဝါးကြီးအုပ်ထားနိုင်အောင် စနစ်တကျပြင်ဆင်ထားရှိနိုင်ရေးနဲ့ အပစ်ရပ်၊ အပစ်မရပ်၊ လက်နက်ကိုင်အဖွဲ့အစည်းတွေကို အချိန်မီလက်နက်ဖြုတ်နိုင်ရေးကိစ္စတွေကို ဒီနှစ်တွေအတွင်းမှာ ပြီးပြတ်အောင်ပြုလုပ်ရဖို့ ကျန်ရှိနေပါတယ်။

စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ အကူးအပြောင်းကာလမှာ စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီးနေဝင်းလို အမှားမျိုးနဲ့မကြုံရအောင် သတိထားပြီး ပြင်ဆင်လုပ်ကိုင်နေတာတွေ့ရပေမယ့် အခန့်မသင့်ရင် ကိုယ်ဖော်တဲ့ဆေးခါးကြီးကို ကိုယ်ပြန်သောက်ရတဲ့ကိန်းဆိုက်နိုင်ပါတယ်။ သူတို့ကိုယ်တိုင် အတင်းအကျပ်အတည်ပြုခဲ့တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်ရဲ့ လုပ်ပိုင်ခွင့်တွေဟာ သမတဆိုသူရဲ့ လုပ်ပိုင်ခွင့်တွေထက်တောင် ပိုများနေတာကြောင့် တချိန်ချိန်မှာ ဝဠ်လည်ပြီး ကိုယ်မွေးခဲ့တဲ့မျောက်ကို ကိုယ်ပြန်ကြောက်ရမဲ့အဖြစ်ဆိုးနဲ့ ကြုံတွေ့ရနိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ် ....။ ။ ❖

> စစ်အာဏာရှင်
> ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ
> အကူးအပြောင်းကာလမှာ
> စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီးနေဝင်းလို
> အမှားမျိုးနဲ့မကြုံရအောင်
> သတိထားပြီး
> ပြင်ဆင်လုပ်ကိုင်နေတာတွေ့ရပေမယ့်
> အခန့်မသင့်ရင် ကိုယ်ဖော်တဲ့ဆေးခါးကြီး
> ကိုယ့်ကိုပြန်သောက်ရတဲ့ကိန်းဆိုက်နိုင်ပါတယ်။
> ... ... ...

# အမေရိကန်အစိုးရက ရှစ်လေးလုံးအရေးတော်ပုံ အနှစ် (၂၀) ပြည့်နေ့တွင် မြန်မာပြည်သူလူထုနှင့်လက်တွဲလိုက်ကြောင်းကြေညာ

ဩဂုတ် (၉) ရက်။

၈၊ ၈၊ ၂၀၀၈ ရက်၊ သောကြာနေ့တွင်ကျရောက်သော ရှစ်လေးလုံး လူထုအုံကြွမှု အနှစ် (၂၀) မြောက် အထိမ်းအမှတ်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝါရှင်တန်ဒီစီမှ ဤကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။



အမေရိကန်သမတနှင့်အတိုက်အခံအဖွဲ့အချို့ဘန်ကောက်မြို့တွင်တွေ့ဆုံစဉ်

ထိုကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားပြန်လွှတ်ပေးရန်၊ နိုင်ငံရေးအဖွဲ့အစည်းများမှခေါင်းဆောင်များနှင့်လည်းကောင်း၊ တိုင်းရင်သားခေါင်းဆောင်များနှင့်လည်းကောင်း တွေ့ဆုံ၍ စစ်မှန်သည့်ဆွေးနွေးမှုများပြုလုပ်ပြီး စစ်မှန်သည့်ဒီမိုကရေစီစနစ်သို့ကူးပြောင်းရန် နအဖစစ်အုပ်စုသို့တိုက်တွန်းလိုက်သည်။

တိုင်းရင်းသားလူနည်းစုနေထိုင်ရာဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှု၊ အဓမ္မပြုကျင့်မှုနှင့် အကြမ်းဖက်မှုများကို ရပ်ဆိုင်းရန်နှင့် လူသားချင်းစာနာထောက်ထားရေးလုပ်ငန်းများလုပ်ဆောင်နေကြသည့် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းများအပေါ် ကန့်သတ်ချုပ်ချယ်ထားသည်များကိုလည်း ရုပ်သိမ်းပေးရန် ကြေညာချက်တွင်ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံနှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရေးသည် ထိုတောင်းဆိုချက်များကို စစ်အစိုးရအနေနှင့် ခိုင်မာသည့်ယုံကြည်ချက်ဖြင့် ဦးတည်လုပ်ဆောင်သည့်အပေါ်တွင်မူတည်ကြောင်းကိုလည်း ထိုကြေညာချက်ထဲတွင်ရေးသားထားသည်။

ထိုကြေညာချက်မတိုင်မီ (၁) ရက်အလိုတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်သို့ရောက်ရှိနေသောမစ္စတာဘုရှ်က မြန်မာ့အတိုက်အခံအင်အားစုတို့နှင့်တွေ့ဆုံဆွေးနွေးမှုလည်း ရှိခဲ့သည်။ ❖

# အမေရိကန်သမတကတော် ထိုင်း – မြန်မာနယ်စပ်တွင်အခြေစိုက်သည့် မယ်တော်ဆေးခန်းရှိဒေါက်တာစင်သီယာမောင်နှင့်တွေ့ဆုံ



လော်ရာဘုရှ်နှင့်ဒေါက်တာစင်သီယာမောင်

ဩဂုတ်လ (၈) ရက်။

အမေရိကန်သမတ၏ဇနီးဖြစ်သူ မစ္စစ်လော်ရာဘုရှ်သည် ဩဂုတ်လ (၇) ရက်နေ့တွင် ထိုင်းမြန်မာနယ်စပ်ရှိ မယ်လဒုက္ခသည်စခန်းနှင့် မဲဆောက်မြို့ရှိ ဒေါက်တာစင်သီယာမောင်၏ မယ်တော်ဆေးခန်းတို့သို့ လာရောက်ကြည့်ရှုလေ့လာခဲ့သည်။

လော်ရာဘုရှ်နှင့် သမီး ဘာဘရာတို့သည် အမေရိကန်သမတနှင့်အတူ အာရှသုံးနိုင်ငံခရီးစဉ်သို့လိုက်ပါလာခြင်းဖြစ်ပြီး မြန်မာဒုက္ခသည်များ၏အခြေအနေကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သိရှိရန် ယခုကဲ့သို့ရောက်ရှိလာခြင်းဖြစ်သည်။

မစ္စစ်လော်ရာဘုရှ်သည် ထိုင်း–မြန်မာနယ်စပ်ရှိ မယ်လဒုက္ခသည်စခန်းသို့ ဩဂုတ်လ (၇) ရက်နေ့တွင်သွားရောက်ခဲ့ပြီး မြန်မာစစ်ပြေးဒုက္ခသည်များနှင့် တွေ့ဆုံခဲ့သည်။

၁၉၈၄ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့သည့် ထိုင်း–မြန်မာနယ်စပ်ရှိဒုက္ခသည် စခန်းများအနက် မယ်လဒုက္ခသည်စခန်းသည် ဒုက္ခသည်အများဆုံးခိုလှုံရာစခန်းတခုဖြစ်ပြီး စုစုပေါင်းဒုက္ခသည်ဦးရေ (၄) သောင်းခန့် နေထိုင်လျက်ရှိသည်။

လော်ရာဘုရှ်သည် မယ်လဒုက္ခသည်စခန်းမှနေ၍ ထိုင်း–မြန်မာနယ်စပ်၊ မဲဆောက်မြို့ရှိ ဒေါက်တာစင်သီယာမောင်၏ မယ်တော်ဆေးခန်းသို့သွားရောက်ခဲ့သည်။

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း (BMA)၊ မြန်မာအလုပ်သမားများပညာရေးကော်မတီ (BMWEC)၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)(WLB) တို့မှ တာဝန်ရှိသူများက ထိုင်း–မြန်မာနယ်စပ်ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များ၏ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်သမားအရေးများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ❖

# စစ်အုပ်စုမှ ကုလ၏ကြားဝင်မှုကို လက်မခံပါက ပိုမိုပြင်းထန်သော နိုင်ငံတကာ၏ဖိအားကို ရင်ဆိုင်ရန်ရှိကြောင်း အမေရိကန်က သတိပေး

ဇူလိုင် (၂၅) ရက်။

ဇူလိုင်လ (၂၄) ရက်နေ့ကကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းဝေးအပြီးတွင် ၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲမတိုင်မီ သိသာထင်ရှားသည့် မြန်မာ့နိုင်ငံရေးအပြောင်းအလဲများကိုဆောင်ရွက်မှုမရှိပါက ပိုမို၍ပြင်းထန်သည့် နိုင်ငံတကာဖိအားပေးမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်သံအမတ်ကြီး ဇာလ်မေးခါလီဇာဒ်ကပြောကြားလိုက်ပြီး ဩဂုတ်လထဲတွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံသို့ ထပ်မံသွားရောက်ချိန်တွင် စဉ်းစားဆုံးဖြတ်ရမည်ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။

မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံသို့သွားရောက်ခြင်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အကျဉ်းကျနေသည့်အတိုက်အခံနိုင်ငံရေးခေါင်းဆောင်များအား လွှတ်ပေးရေးအပါအဝင် အချိန်ကန့်သတ်ချက်ရှိသည့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်အစီအစဉ်များပါရှိမည်ဖြစ်ကြောင်းလည်း ဇာလ်မေးခါလီဇာဒ်၏ပြောစကားများအရသိရသည်။

အမေရိကန်သံအမတ်ကြီး ဇာလ်မေးခါလီဇာဒ်က "မြန်မာနိုင်ငံကို မစ္စတာဂမ်ဘာရီသွားရောက်မယ့်ခရီးစဉ်ကနေပြီး လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့အဖြေတခုရရှိဖို့ မျှော်လင့်ပါတယ်။ ဒါဟာ ခရီးစဉ်ရဲ့ရည်ရွယ်ရင်းဖြစ်တယ်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင်မှာ နိုင်ငံရေးအခြေအနေတွေ တိုးတက်ပြောင်းလဲလာဖို့ သတ်မှတ်ချက်ရှိတဲ့အချိန်အတွင်း ညှိနှိုင်းဆွေးနွေးမှုတွေလုပ်နိုင်ဖို့ မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံကိုထပ်သွားတာပါ။ အဲဒီလိုသွားရခြင်းဟာလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့လည်းပါပါတယ်။ စစ်အစိုးရနဲ့အတိုက်အခံများကြားမှာ ဆွေးနွေးမှုတွေတိုးတက်မလာဘူး။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပါဝင်ပတ်သက်ခွင့်မရှိဘူး။ ကုလသမဂ္ဂရဲ့ကြားဝင်မှုကိုလည်းလက်မခံဘူး။ နိုင်ငံရေးအကျဉ်းသားတွေကိုလည်း လွှတ်မပေးဘူးဆိုရင် ဒီထက်ပြင်းထန်တဲ့ နိုင်ငံတကာဖိအားတွေကို စစ်အစိုးရအနေနဲ့ရင်ဆိုင်ရလိမ့်မယ်။ ရင်မဆိုင်ချင်ရင်တော့ မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်ကို အခွင့်ကောင်းလိုအသုံးချပြီး သမိုင်းမှာ စာမျက်နှာအသစ်ဖွင့်နိုင်အောင်ကြိုးစားပါလို့ ကျနော်ပြောချင်ပါတယ်"ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းဝေးအပြီးတွင် ပြောကြားခဲ့သည်။ ❖

# စက်မှု (၁) ဝန်ကြီးမှ ညောင်ဦးမြို့ပညာရေးထူးချွန်သူများဂုဏ်ပြုပွဲတွင်

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမဲအပြည့်မရခြင်းအား ဆူပူကြိမ်းမောင်းပြီးပြန်လည်ထွက်ခွာသွား

ဇူလိုင် (၂၈) ရက်။

ညောင်ဦးမြို့နယ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်အဆင့်ဖြင့် အောင်မြင်သူ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပရာသို့ စက်မှု (၁) ဝန်ကြီး ဦးအောင်သောင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားစဉ် ညောင်ဦးမြို့မှ ဆန္ဒမဲ (၈၄) ရာခိုင်နှုန်းသာရသည့်အတွက် ရှက်စရာကောင်းသည်ဟု ထည့်သွင်းပြောကြားလိုက်သည်။

အဆိုပါအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ခဲ့သူတဦးက "မန္တလေးတိုင်းက ကျန်တဲ့မြို့တွေမှာ (၉၂) ရာနှုန်းကနေ (၉၄) ရာခိုင်နှုန်းအထိရတယ်တဲ့။ ရှက်စရာကောင်းတယ်ပြောတယ်။ ၂၀၁၀ ရွေးကောက်ပွဲလုပ်မှာကိုလည်း အတွေးမမှားကြဖို့"သတိပေးပြောကြားခဲ့ကြောင်း အာရ်အက်ဖ်အေသို့ ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်းက ပုဂံခေတ် နှစ်ပေါင်းတထောင် (၁,၀၀၀) အတွင်းတွင် ဆည်မြောင်းပေါင်း (၆၀) ခန့်သာ တည်ဆောက်ပေးနိုင်ခဲ့သော်လည်း မိမိတို့ နအဖစစ်အစိုးရအနေနှင့် နှစ်ပေါင်း (၂၀) အတွင်းတွင် မြန်မာပြည်အတွင်း ဆည်မြောင်းပေါင်း (၂၀၀) ခန့် ဆောက်လုပ်ပေးနိုင်ခဲ့ခြင်းသည် မြန်မာ့သမိုင်းတွင်သာမက ကမ္ဘာ့သမိုင်းတွင်ပါမရှိသေးသောစံချိန်ဖြစ်ကြောင်း ပုဂံခေတ်နှင့်နှိုင်းယှဉ်ပြသွားခဲ့ကြောင်းသိရသည်။

ထို့အပြင် အမေရိကန်နိုင်ငံတွင် ယမန်နှစ်ကတိုက်ခတ်ခဲ့သော လေမုန်တိုင်းဒဏ်အား ပြန်လည်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည်မှာ ယခုထိ မပြီးဆုံးနိုင်သေးသော်လည်း မြန်မာနိုင်ငံတွင်မူ မေလ (၂) ရက်နေ့ကကျရောက်ခဲ့သော နာဂစ်မုန်တိုင်း ကယ်ဆယ်ရေးလုပ်ငန်းများအား မိမိတို့ နအဖစစ်အစိုးရဆောင်ရွက်ပေးသော ကယ်ဆယ်ရေးလုပ်ငန်းများမှာ ရှေ့လထဲတွင် ပြီးတော့မည်ဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားခဲ့သည်။

ဆုပေးပွဲအခမ်းအနားတွင် ဆုရရှိသည့် ကျောင်းသား (၁) ဦးအား ဂုဏ်ထူး (၁) ဘာသာလျှင် ကျပ်ငွေတသောင်း (၁၀,၀၀၀) နှင့်ပုဆိုးတထည်စီ ချီးမြှင့်ခဲ့သော်လည်း ဝန်ကြီးထွက်ခွာသွားသောအခါ ပုဆိုးများကို ပြန်လည်သိမ်းယူသွားသဖြင့် ငွေကိုပြန်မသိမ်းသော်လည်း မသုံးရဲကြတော့ဘဲ သိမ်းထားကြရကြောင်းလည်း ဖော်ပြပါရှိသည်။

"လုံချည်တွေပြန်တောင်းတော့ ကလေးတွေစိတ်မကောင်းဘူး။ ငါတို့ပညာရေးက အဲ့လောက်ပဲလား။ ဒီလိုပဲ လိမ်ညာနေကြတာပေါ့လို့ အချင်းချင်းပြောနေကြတယ်" ဟု ထိုအခမ်းအနားသို့တက်ရောက်ခဲ့သူ မျက်မြင်သက်သေတဦး၏ အဆိုအရသိရသည်။

ဇူလိုင်လ (၇) ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) ၏အစီရင်ခံစာအရ ၎င်းတို့ထောက်ပံ့ပေးနေသည့် မြို့နယ်များအတွင်း ကျောင်းပေါင်း (၁,၅၀၀) ခန့် ပျက်စီးခဲ့ကြောင်းနှင့် ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်အတွင်းတွင် အများဆုံးဖြစ်ပြီး (၂၉၂) ကျောင်း ပျက်စီးခဲ့ကြောင်းသိရသည်။ ရန်ကုန်တိုင်းတွင်မူ ကွမ်းခြံကုန်းမြို့နယ်တွင် အများဆုံးပျက်စီးခဲ့သည်။ ❖

# နအဖစစ်အစိုးရနှင့်သင့်မြတ်သည့် ပုဂ္ဂလိကဂျာနယ်များ

## နေ့စဉ်ထုတ်သတင်းစာများအဖြစ် မကြာမီပြောင်းလဲနိုင်ဖွယ်ရှိ




ဇူလိုင် (၃၁) ရက်။

မြန်မာစစ်အစိုးရက ပုဂ္ဂလိကပိုင် အပတ်စဉ်ထုတ်သတင်းဂျာနယ်ထုတ်ဝေသူများကို နေ့စဉ်သတင်းစာအဖြစ် ထုတ်ဝေခွင့်ပေးမည့်သတင်းသည် မြန်မာ့စာနယ်ဇင်းအသိုင်းအဝိုင်းတွင် ထွက်ပေါ်လျှက်ရှိသည်။

မြန်မာတိုင်းမ်းစ်ဂျာနယ်ကို နေ့စဉ်ထုတ်သတင်းစာအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ၂၀၀၉ ခုနှစ်တွင် ထုတ်ဝေမည်ဟူသောသတင်းများနှင့်အတူ မြန်မာတိုင်းမ်းစ်ဂျာနယ်၏ စီမံခန့်ခွဲမှုပုံစံကို ပြောင်းလဲတော့မည်ဖြစ်ကြောင်းနှင့် ထိုပြောင်းလဲဖွဲ့စည်းခဲ့သည့် စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် နေ့စဉ်သတင်းစာထုတ်ဝေရေးကို အလေးပေးဆောင်ရွက်ရန်လိုအပ်ကြောင်း အမှုဆောင်အရာရှိချုပ် မစ္စတာရော့စ်ဒန်ကလေက ဇူလိုင် (၂၁) ရက်နေ့ထုတ်ဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။

ယခင်ထောက်လှမ်းရေးအကြီးအကဲ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်ရှိခဲ့စဉ်က လေတပ်ထောက်လှမ်းရေး ဗိုလ်မှူးချုပ်သိန်းဆွေ၏သား ဆန်နီဆွေမှ ရှယ်ယာပါဝင်ခဲ့ပြီး နိုင်ငံတကာနှင့်ဆက်ဆံရေးအတွက် အင်္ဂလိပ်ဘာသာဖြင့် စတင်ထုတ်ဝေခဲ့သော မြန်မာတိုင်းမ်စ်အား ယခုအခါတွင် နိုင်ငံတကာဆက်ဆံရေးအတွက်အသုံးချရန် စစ်အစိုးရက ဤသို့နေ့စဉ်ထုတ်သတင်းစာအဖြစ် ထုတ်ဝေခွင့်ပြုခြင်းဖြစ်နိုင်ကြောင်းကို လေ့လာသူတို့မှ သုံးသပ်ပြောဆိုကြသည်။

နေ့စဉ်ထုတ်သတင်းစာအား အင်္ဂလိပ်ဘာသာဖြင့်သာ ထုတ်ဝေခွင့်ပြုနိုင်ခြေရှိသည့်အတွက်လည်း လက်ရှိအင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျှက်ရှိသည့် မြန်မာ့တိုင်းမ်းစ်ဂျာနယ်တခုသာ ခွင့်ပြုမိန့်ရရှိနိုင်ကြောင်းလည်း ရန်ကုန်အခြေစိုက် သတင်းဂျာနယ်အယ်ဒီတာတဦးက သုံးသပ်ပြောဆိုခဲ့သည်။

"သတင်းတွေကို သာမန်ပြည်သူတွေဆီ ဗုန်းပေါလအော ရောက်စေချင်ပုံမရဘူး။ နေ့စဉ်ထုတ်သတင်းစာဆိုတော့ စိစစ်ရေးအတွက်လည်း တော်တော်လေးတာဝန်ကြီးတယ်။ နိုင်ဖို့မလွယ်ဘူး။ အဲ့ဒါကြောင့် အင်္ဂလိပ်လိုပဲ အစမ်းသဘောချပေးမယ်လို့ထင်တယ်။ ထုတ်ဝေခွင့်ရချင်ရင်တော့ အင်္ဂလိပ်လိုဂျာနယ်ထုတ်နိုင်အောင် အရင်လုပ်ရဦးမယ်" ဟု အဆိုပါအယ်ဒီတာကပြောဆိုခဲ့သည်။

လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေအရ မြန်မာဘာသာဖြင့် နေ့စဉ်သတင်းစာထုတ်ဝေရန်မှာ မဖြစ်နိုင်ကြောင်း၊ ထိုသို့ထုတ်ဝေခွင့်ပြုလိုက်ပါက စာပေစိစစ်ရေးအနေဖြင့် လုပ်ငန်းပိုင်းဆိုင်ရာတွင် နိုင်နင်းနိုင်ဖွယ်မရှိကြောင်းကိုလည်း ရန်ကုန်မီဒီယာအဖွဲ့၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးကိုကိုကသုံးသပ်ပြောဆိုခဲ့သည်။ ထို့ပြင် ပုဂ္ဂလိကမှ အပြည့်အဝပိုင်ဆိုင်သည့် နေ့စဉ်ထုတ်သတင်းစာမျိုး မဖြစ်နိုင်ဘဲ အစိုးရနှင့်ပုဂ္ဂလိက ဆက်စပ်လုပ်ကိုင်မှုသာဖြစ်နိုင်ခြေရှိကြောင်းကိုလည်း ဆက်လက်ပြောဆိုခဲ့သည်။

မြန်မာတိုင်းမ်စ်ဂျာနယ်၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာရော့စ်ဒန်ကလေသည် ဗိုလ်ချုပ်ကြီးခင်ညွန့်အာဏာရှိစဉ်က ထောက်လှမ်းရေးအရာရှိများနှင့် နီးစပ်ခဲ့သူတဦးဖြစ်ပြီး ယခုလက်ရှိ စစ်အစိုးရနှင့်လည်း အဆင်ပြေသူတဦးဖြစ်သည်။ နအဖစစ်အစိုးရမှကျင်းပခဲ့သည့် မေလ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမတိုင်မီကလည်း မြန်မာစစ်အစိုးရရေးဆွဲသည့် လမ်းပြမြေပုံ (၇) ချက်ကို ထောက်ခံကြောင်းရေးသားခဲ့သူဖြစ်သည်။

လက်ရှိအခြေအနေတွင် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်နီးစပ် သူများဖြစ်ကြသည့် မြန်မာတိုင်းမ်းစ်၊ ဝိကလီးအလဲဗင်း စသည့်ဂျာနယ်များ၏ အမှုဆောင်အရာရှိချုပ်များနှင့် ဇူလိုင်လအတွင်းက သီးခြားတွေ့ဆုံမှုများရှိခဲ့ကြောင်းလည်း သိရသည်။ ❖

စာမျက်နှာ (၄) ဖွန်မှိုင်းဆောင်းပါးမှ ...

စုက ဘယ်လောက်ပဲဟန်ရေးပြင်နေနေ ကျနော်တို့ ဘာကိုတွေးပြီးစိုးရိမ်နေရဦးမှာလဲ။။

ဒါကြောင့် ဒီနေ့ကာလ နိုင်ငံရေးအခြေအနေ (နိုင်ငံရေး ဒီရေ) ဟာ အတက်ဖြစ်တယ်လို့ ကျနော်ရဲရဲပြောချင်တယ်။

(၅)

ဒါဆိုရင် .... ဒီကနေ့ ကျနော်တို့ဆောင်ရွက်ကြရမယ့် အဓိကနှင့်အခြေခံအကျဆုံးလုပ်ငန်းတာဝန်ဟာ ဘာဖြစ်မလဲ။

'စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး'ဖြစ်ပါတယ်။

စစ်အာဏာရှင်စနစ် အမြစ်ကုပ်နိုင်တဲ့ရေခံမြေခံတိုင်းကို ဖျက်ပစ်ရမယ်။

စစ်အာဏာရှင်စနစ်ရဲ့ရေသောက်မြစ်ကို တစမကျန်ဖြတ်ပစ်ရမယ်။

စစ်အာဏာရှင်စနစ်ရဲ့ ဒိုင်းတွေ၊ လွှားတွေ၊ ချပ်ဝတ်တန်ဆာတွေကို အကုန်လုံးဖျက်ဆီးပစ်ကြရလိမ့်မယ်။

အဲ့ဒါတွေဟာ လက်တွေ့ကျကျပြောရရင် ဘာတွေဖြစ်မလဲ။

ကျနော့်အမြင် .... နအဖရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ နအဖရဲ့ (၉၂ . ၄၈%)၊ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲ။

ဒီသုံးခုဟာ နအဖရဲ့ရေခံမြေခံ၊ နအဖရဲ့ရေသောက်မြစ်၊ နအဖရဲ့ ဒိုင်းလွှား၊ ချပ်ဝတ်တွေဖြစ်တယ်။

ဒါတွေအားလုံးကို ကျနော်တို့ ပြတ်ပြတ်သားသား ဆန့်ကျင်ကြရလိမ့်မယ်။ ပြတ်ပြတ်သားသား တိုက်ဖျက်ပစ်ကြရလိမ့်မယ်။

(၆)

ဘယ်လိုတိုက်ပွဲသဏ္ဌာန်မျိုး၊ ဘယ်လုပ်ဟန်မျိုးနှင့် ဒီပွဲကိုဆက်ကြမလဲ။

အဆုံးသတ်တိုက်ပွဲကို ဘယ်လိုဆင်နွှဲကြမလဲ။ တိုက်ပွဲသဏ္ဌာန်က အမျိုးမျိုးဖြစ်နိုင်ပါတယ်။ နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးဘက်ပေါင်းစုံက တိုက်ပွဲဆင်ရပါလိမ့်မယ်။

လုပ်ဟန်ကတော့ .... လူထုလုပ်ဟန်ဖြစ်ရပါလိမ့်မယ်။ လူထုတရပ်လုံး အင်အားစုအားလုံးပါဝင်နိုင်တဲ့လုပ်ဟန် ဖြစ်ရပါလိမ့်မယ်။ တဦးကောင်းတယောက်ကောင်း လုပ်ဟန်နှင့် လုပ်လို့ရနိုင်လိမ့်မယ်မဟုတ်ပါ။

တဦးစီတဦးစီတိုင်းအတွက် အောင်ပွဲကို တဦးစီတဦးစီတိုင်းက တိုက်ပွဲဆင်ပြီး ရယူကြရပါလိမ့်မယ်။

လူထုတရပ်လုံးအတွက် အောင်ပွဲကို လူထုတရပ်လုံးက ပိုင်းဖြတ်မှုရှိရှိ တိုက်ပွဲဆင်ပြီး ရယူကြရပါလိမ့်မယ်။

ကျနော်တို့မှာ ဘယ်ကယ်တင်ရှင်မှ မရှိနိုင်ဘူး။ ကျနော်တို့ကို ကယ်တင်မယ့်သူဟာ ကျနော်တို့ကိုယ်တိုင်ပဲ ဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်ကို စိုက်ထူကြရပါလိမ့်မယ်။

ဒါဖြင့် ဒါကို ဘယ်လိုအစပြုရမလဲ။

နိုင်ငံရေးအင်အားစုအသီးသီးရဲ့ ဦးဆောင်အခန်းကဘာလဲ။

နိုင်ငံရေးအင်အားစုအသီးသီးရဲ့ ဒီကနေ့တာဝန်ဟာ လူထုကိုစည်းရုံး၊ လူထုရဲ့နိုးကြားမှုကို မြှင့်တင်၊ လူထုရဲ့ရဲရင့်မှုကို အရှိန်မြှင့်။ လူထု လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရတဲ့ဒုက္ခတွေကြောင့် ဖြစ်ပေါ်လာတဲ့ဒေါသတွေကို တိုက်ပွဲစိတ်ဓာတ်များအဖြစ် လမ်းကြောင်းပေးဆိုတဲ့လုပ်ငန်းတွေကို စိတ်ရှည်ဇွဲရှိစွာ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

အရေးကြီးတကာ့ အရေးကြီးဆုံးကတော့ .... လူထုကို လက်တွေ့မကျတဲ့ မက်လုံးတွေ မပေးမိဖို့နှင့် တိုက်ပွဲဦးကျိုးသွားစေတာမျိုး မဖြစ်ရအောင် .... တိုက်ပွဲစီမံချက်တွေချမှတ်ရာမှာ လောမကြီးမိကြဖို့ ဖြစ်ပါတယ်။

တပ်ဦးကျိုးခြင်းနှင့် နောက်မြီးဆွဲဖြစ်ခြင်းကို ရှောင်ရှားနိုင်ရေးဟာ တိုက်ပွဲတိုင်းရဲ့အသက် ဖြစ်ပါတယ်။

လူထုရေချိန်ကို တစတစမြှင့်ယူသွားရင်း လူထုရေချိန်နှင့်အညီ လူထုလိုက်ပါနိုင်တဲ့တိုက်ပွဲသဏ္ဌာန်များနှင့် အစချီသင့်တယ်။

တိုက်ပွဲငယ်လေးတွေက အောင်ပွဲငယ်လေးတွေကို ရရှိစေခြင်းဖြင့် လူထုသတ္တိကို ပိုပြီး ရဲရင့်ထက်သန်လာစေရမယ်။

'တစက်မှတမျက်နှာ' ဖြစ်လာရေးအတွက် စနစ်တကျပြင်ဆင်၊ စနစ်တကျ တိုက်ပွဲဆင်ကြရလိမ့်မယ်။

လူထုအကျိုးကို တည့်တည့်မျက်နှာမူထားပြီး လူထုအားကိုအရယူကာ စစ်အာဏာရှင်စနစ်ကို အကုန်အစင်ဖြိုလှဲဖျက်သိမ်းပစ်ခြင်းဖြင့်သာ ရှစ်လေးလုံးအရေးတော်ပုံကြီးက ပြဋ္ဌာန်းပေးလာတဲ့ ဒီနေ့ကာလရဲ့လုပ်ငန်းတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်လိမ့်မယ်လို့ ကျနော်ယုံကြည်ယူဆမိပါတယ် ....။ ။

ဖွန်မှိုင်း (၈၊ ၈၊ ၂၀၀၈)

❖

စာမျက်နှာ (၁၅) ဗညဆောင်းပါးမှ ...

သူတို့ကိုယ်သူတို့စိတ်ကြီးဝင်ခဲ့တယ်။ ဘယ်တုန်းကမှ မာန်မချခဲ့ဘူး။ ဒီလိုနဲ့ သူတို့ကိုယ်သူတို့ နိုင်ငံရေးသမားအားလုံးရဲ့အထက်က၊ ဒီကတဆင့်တက်ပြီး ပြည်သူလူထုရဲ့အထက်က လို့ထင်လာတာဖြစ်တယ်။ ဒါကြောင့် ပြောရရင် နအဖစစ်ဗိုလ်တွေရဲ့ ဒီရောဂါဟာ သိပ်ကိုရင့်နေပြီ။ အရိုးစွဲနေပြီ။ သေရာပါမယ့်ရောဂါဖြစ်တယ်။

နိုင်ငံတကာရဲ့သမိုင်းကို သေချာပြန်ကြည့်ပါ။ နိုင်ငံတခုကို စစ်အုပ်စုကနေ တိုးတက်အောင်ကယ်တင်ခဲ့၊ တွန်းတင်ခဲ့တယ်ဆိုတာမျိုး၊ ဘယ်မှာများရှိဖူးသလဲ။ ကိုရီးယားတို့ အင်ဒိုနီးရှားတို့မှာလို အမေရိကန်အကူအညီနဲ့ သွေးချောင်းတွေစီးပြီး စီးပွားရေးလုပ်ငန်းတွေတည်ထောင်ပေးခဲ့တာပဲရှိဖူးတယ်။ စစ်အုပ်စုကိုယ်ပိုင်အစွမ်းအစနဲ့ တိုင်းပြည်ကိုကယ်တင်တာ၊ တိုးတက်အောင်လုပ်တာဆိုလို့ တခါမှမရှိခဲ့ဖူးဘူး။ ဗမာပြည်သမိုင်းမှာဆိုရင် ပိုလို့တောင်မရှိသေးတယ်။

ဗမာပြည်ကို လွတ်လပ်ရေးရအောင်လုပ်ခဲ့တာဟာ တိုးတက်တဲ့နိုင်ငံရေးသမားတွေပဲ။ ဒီမိုကရေစီရအောင်လုပ်ရာမှာလည်း သူတို့ပဲလုပ်ရမှာ၊ လုပ်ကြမှာဖြစ်တယ်။ ကြေးစားစစ်ဗိုလ်က ဘယ်တော့မှမလုပ်နိုင်ဘူး။ ဘယ်တော့မှ ကယ်တင်ရှင်မဖြစ်နိုင်ဘူး။ ဗမာပြည်ကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းထဲသွင်းခဲ့တာ ဒီစစ်အုပ်စု၊ ဒီဗိုလ်ချုပ်တွေပဲ။ ဒါ့အပြင် ဗမာပြည်ကိုပျက်စီးတဲ့နိုင်ငံ (Failed State) ဖြစ်အောင်လည်း သူတို့ပဲလုပ်မှာဖြစ်တယ်။

ဗညဲ ❖




**"အမျိုးသားနိုင်ငံရေးမှာ တပ်မတော်ကဦးဆောင်ရမယ်"လို့ ပါးစပ်ကအမြှုပ်ထွက်မတတ် ပြောနေတာဟာ "ကယ်တင်ရှင်ရောဂါ"ရဲ့ ဖော်ပြချက်တခုဖြစ်တယ်။ ဒါပေမယ့် လက်တွေ့မှာ သူတို့ပြောတာနဲ့ ပြောင်းပြန်ချည့်ပဲလို့တွေ့နေရတယ်။ ၁၉၈၈ ခုနှစ်မှာ ဗိုလ်နေဝင်းက နဝတကိုအာဏာသိမ်းခိုင်းလိုက်တော့ စိုင်ကော်လို့ခြုံပေါ်ရောက်ခဲ့တဲ့ဗိုလ်ချုပ်တွေဟာ စစ်အုပ်စုရဲ့အာဏာကိုပဲ ကယ်တင်နိုင်ခဲ့တယ်။ ဖရိုဖရဲပြိုကွဲကျနေတဲ့ ဗမာပြည်ရဲ့စီးပွားရေးကိုတော့ သူတို့မကယ်တင်နိုင်ခဲ့ဘူး။**

ကယ်တင်ရှင်လား မိစ္ဆာနတ်ဆိုးလား

နာဂစ်မုန်တိုင်းပြီးကတည်းက ဗမာပြည်က သတင်းစာတွေဂျာနယ်တွေမှာ စစ်ဗိုလ်တလှေကြီးကို သာမန်ပြည်သူတစုက လက်အုပ်ချီနေပုံတွေ မပြတ်မြင်တွေ့နေကြရတယ်။ ဒါကိုပဲ နအဖခေါင်းဆောင်တွေက လေဘေးဒုက္ခသည်တွေကိုကယ်ဆယ်နေပုံအဖြစ် သတင်းလုပ်ဖော်ပြနေကြတယ်။ ဒါဘာအဓိပ္ပာယ်လဲ။ နအဖစစ်ဗိုလ်တွေက ဘယ်လိုရည်ရွယ်ချက်၊ ဘယ်လိုစိတ်ကူးတွေနဲ့ ဒီလိုအင်မတန်အနှစ်သာရမဲ့တဲ့ ဝါဒဖြန့်မှုမျိုးတွေကို အရှက်မရှိလုပ်နေကြတာလဲ။

အဖြေကတော့ နအဖစစ်ဗိုလ်တွေမှာ ကယ်တင်ရှင်ဖြစ်ချင်တဲ့ရောဂါစွဲကပ်နေလို့ပဲဖြစ်တယ်။ ဒါ့အပြင် သူတို့ရဲ့ရောဂါဟာ ကြာလေ ရင့်လေဖြစ်လာနေတာကို တွေ့နေရတယ်။

ဒင်းတို့သာ တကယ်တမ်းကယ်တင်ရှင်ကြီးတွေဖြစ်ခဲ့တယ်ဆိုရင် ဒါမှမဟုတ် ဖြစ်နေရင် လူထုကမနေပါဘူး။ သူတို့ဖာသာ အသိအမှတ်ပြုလက်ခံမှာသာဖြစ်တယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို လူထုတွေက သူတို့ဘာသာ ထိခြင်းငါးပါးနဲ့ဝတ်ချကြတာဖြစ်တယ်။ ဘယ်သူကမှ ခိုင်းလို့မဟုတ်ဘူး။ ဆရာကြီးရဲ့တရားဟောပွဲတွေမှာ ဆရာကြီးကို ကန်တော့ကြပါလို့ အခမ်းအနားမှူးကနေ တိုင်ပေးတာ၊ သတိပေးတာလို့ တခါမှမရှိပါဘူး။ တရားပွဲလာတက်သူတွေက သူတို့ဘာသာသူတို့ရောက်တယ်ဆိုတာနဲ့ ဒူးကလေးတုပ်ပြီး ဦးချကြတာဖြစ်တယ်။ ဖဆပလပြူစောထီးတွေ၊ ကာကွယ်ရေးတွေက ခဲနဲ့ထုမှာ၊ တုတ်နဲ့ပစ်မှာကိုမမှုဘဲ သူတို့ဘာသာသူတို့ကြည်ညိုလို့ ဦးချကြတာဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်းကိုဆိုရင်လည်း သူ့ဟာသူစစ်ဝတ်ပဲဝတ်ထားထား၊ ခေါင်းပေါင်းပဲပေါင်းထားထား၊ လူထုကကယ်တင်ရှင်၊ ကျေးဇူးရှင်လို့အောက်မေ့ကြတာချည်းပဲ။ ဘာကြောင့်လဲ။ ရှင်းပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ကျောင်းသားဘဝကစပြီး နိုင်ငံနဲ့လူထုအတွက် ရှုပ်ရှုပ်ချွံချွံ၊ စွန့်စွန့်စားစားလုပ်ခဲ့လို့ပဲဖြစ်တယ်။ ကိုအောင်ဆန်းကနေ သခင်အောင်ဆန်း၊ သခင်အောင်ဆန်းကနေ ဗိုလ်အောင်ဆန်းဖြစ်လာ၊ ဗိုလ်အောင်ဆန်းကနေဦးအောင်ဆန်း၊ နာမည်ရှေ့က ဂုဏ်ထူးတွေဘယ်လိုပဲပြောင်းသွားသွား လူထုရဲ့ မျက်လုံးထဲမှာ ဘာမှပြောင်းမသွားဘူး။ ကယ်တင်ရှင်ပဲ။ ကျေးဇူးရှင်ပဲ။ သူ့ပါးစပ်ကတစ်တစ်ခွခွပြောလည်း လူထုကရီပြီး လက်ခံနေတာပဲ။ "ဖာနိုင်ငံ"၊ "ဆိတ်လစေ့" …. စတာတွေပြောလည်း ကြည်ညို နေတာပဲ။ ဗိုလ်ချုပ်အောင်ဆန်းအနေနဲ့ ဘာမှဂိုက်ဖမ်းနေစရာမလိုဘူး။

တကယ်က ဗိုလ်သန်းရွှေတို့မပြောနဲ့၊ ကိုယ့်ကိုယ်ကို တပ်မတော်ရဲ့ဖခင်ကြီးလို့ဆိုချင်ခဲ့တဲ့ ဗိုလ်နေဝင်းကိုတောင်မှ လူထုက ကယ်တင်ရှင်လို့ မကြည်ညိုခဲ့ဘူး။ သူ့ဘေးက ကပ်ဖားယပ်ဖားတွေက သူ့ကိုဘယ်လိုပဲ အမွှမ်းတင်နေပါစေ၊ သူ့ဖာသာသူ သူများထက် ခေါင်းနှစ်လုံးမြင့်တဲ့ ကုလားထိုင်ကြီးပေါ်မှာ ဘယ်လိုပဲထိုင်နေနေ လူကြည်ညိုမခံခဲ့ရဘူး။

နိုင်ငံကိုကယ်တင်တာ၊ အကျိုးပြုတာ ဘာမှမလုပ်ဘဲ ဆွဲနှစ်နေ၊ ချောက်ထဲဆွဲချနေသူတွေဆိုတော့ သူတို့ဖာသာသူတို့ ဘာဂိုက်ကြီးဖမ်းနေနေ လူထုကအပွေးမြင် အပင်သိနေတာပဲ။ ကြောက်လို့သာ လက်အုပ်ချီရတယ်။ စိတ်ထဲက ကျိန်ဆဲနေတာချည်းပဲ။ ဒီဗိုလ်ချုပ်တွေက စစ်အုပ်စု နိုင်ငံရေးလုပ်နေကြသူတွေဖြစ်တယ်။ သူတို့ရဲ့အာဏာပြိုင်ဘက်တွေက တပ်ထဲမှာလို့ သဘောထားသူတွေဖြစ်တယ်။ ဒါကြောင့်သူတို့ဟာ ဗိုလ်နေဝင်းလိုတောင်မှ ယူနီဖောင်းချွတ်ဝံ့တာ မဟုတ်ဘူး။ သူတို့အာဏာ၊ သူတို့အရှိန်အဝါဟာ ဒီယူနီဖောင်းမှာပဲရှိတာဖြစ်နေတယ်။ သူတို့မှာ တခြားဘာတန်ခိုးအာနုဘော်မှ မရှိဘူး။ သူတို့မှာ ကျောင်းသားဘဝတုန်းက ဖြစ်စေ၊ တပ်ထဲမဝင်ခင်ကဖြစ်စေ၊ ပြည်သူလူထုအတွက် အနစ်နာခံခဲ့တယ်၊ စွန့်စွန့်စားစားလုပ်ခဲ့တယ်စတဲ့ ဂုဏ်သိက္ခာအရင်းအနှီးမျိုးတွေ ဘာတခုမှမရှိဘူး။ စစ်တပ်ထဲရောက်တော့ရော၊ ဘာများဂုဏ်ယူစရာ၊ လူလေးစားစရာလုပ်ခဲ့လို့လဲ။ ပြည်တွင်းစစ်ဖိတိုက်ပြီး တောတောင်ထဲနဲ့ လမ်းမတွေပေါ်မှာ လက်နက်မဲ့လူထုတွေကို သတ်ဖြတ်တဲ့သမိုင်းကလွဲပြီး သူတို့ဘာမှမလုပ်ဖူးဘူး။ လူဆိုတာ နဂိုရှိမှ နဂိုင်းထွက်တာ။ နအဖဗိုလ်ချုပ်တွေမှာ နဂိုဘာမှမရှိဘူး။ ဒါကြောင့် ယူနီဖောင်းကို အသေဖက်တွယ်နေကြတာဖြစ်တယ်။

နောက်တချက်က သူတို့တတွေ "အမျိုးသားနိုင်ငံရေးမှာ တပ်မတော်ကဦးဆောင်ရမယ်"လို့ ပါးစပ်ကအမြှုပ်ထွက်မတတ် ပြောနေတာဟာ "ကယ်တင်ရှင်ရောဂါ"ရဲ့ ဖော်ပြချက်တခုဖြစ်တယ်။ ဒါပေမယ့် လက်တွေ့မှာ သူတို့ပြောတာနဲ့ ပြောင်းပြန်ချည့်ပဲလို့တွေ့နေရတယ်။ ၁၉၈၈ ခုနှစ်မှာ ဗိုလ်နေဝင်းက နဝတကိုအာဏာသိမ်းခိုင်းလိုက်တော့ စိုင်ကော်လို့ခြုံပေါ်ရောက်ခဲ့တဲ့ ဗိုလ်ချုပ်တွေဟာ စစ်အုပ်စုရဲ့အာဏာကိုပဲ ကယ်တင်နိုင်ခဲ့တယ်။ ဖရိုဖရဲပြိုကွဲကျနေတဲ့ ဗမာပြည်ရဲ့စီးပွားရေးကိုတော့ သူတို့ မကယ်တင်နိုင်ခဲ့ဘူး။ နာဂစ်မုန်တိုင်းကြီးတိုက်ခတ်တော့လည်း မုန်တိုင်းထဲမှာနဲ့ မုန်တိုင်းလွန်ပြီးနောက် သေမင်းနဲ့ရင်ဆိုင်နေရတဲ့နိုင်ငံသားတွေကို ကယ်တင်ဖို့ နည်းနည်းမှမကြိုးစားခဲ့ဘူး။ သူတို့မှာ ကယ်တင်ရှင်လို့ယူဆစရာ ဘာများရှိလို့လဲ။ နိုင်ငံကို ဘာဘေး၊ ညာဘေးကနေ လက်မတင်လေးကယ်တင်ခဲ့တယ်ဆိုပြီး အာဏာသိမ်းခဲ့တာပဲ ရှိတယ်မဟုတ်လား။

ပြောရရင် ဒီရောဂါဟာ ဗမာပြည်စစ်အုပ်စုအဆက်ဆက်မှာ တလျှောက်လုံးစွဲကပ်ခဲ့တဲ့ မျိုးရိုးပါတဲ့ရောဂါလို့ပြောရင်ရတယ်။ ဖဆပလနဲ့ ပထစဝန်ကြီးတွေရဲ့ ချွတ်ယွင်းချက်နဲ့အားနည်းချက်တွေကိုကြည့်ပြီး သူတို့လောက်တော့ တို့လည်းလုပ်နိုင်တာပေါ့လို့ စဉ်းစားခဲ့တဲ့ စစ်အုပ်စုဟာ အဲဒီကတည်းက

စာမျက်နှာ (၁၄) ကော်လံ (၄) သို့.....

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇော်ဝဇိုး

**တာဝန်ခံအယ်ဒီတာ**
ခွာညို

**သတင်းအယ်ဒီတာ**
ရေချမ်း ၊ ကိုဟိတ်း

**စာစီစာရိုက်**
ကျော်ထက် ၊ တင်ထွဋ်ပိုင်

**စာမျက်နှာဖွဲ့စည်းမှု**
အောင်ထက်

မိုးကြိုး သတင်းစဥ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေး
အဲတုမှုကော်မတီအား
မိုးကြိုးသတင်းစဥ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

– ကိုယ့်အခွင့်အရေးအတွက်
ကိုယ်တိုင်တိုက်ပွဲဝင်ကြ...
– ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ
ရဲရဲလုပ်ကြ...
– မတရားတဲ့အမိန့်အာဏာမှန်သမျှ
တာဝန်အရဖီဆန်ကြ...

# အနစ်မပါသည့်ကတိများသာပေးနေသည့် နအဖစစ်အုပ်စုအား ကုလသမဂ္ဂအနေနှင့် လက်ခံထားရန်မသင့်တော့ကြောင်း ကုလသမဂ္ဂကိုယ်စားလှယ်သစ်၏မြန်မာပြည်ခရီးအတွင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ကြေညာချက်တစောင်ထုတ်ပြန်



မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ်အသစ်ဖြစ်သူ မစ္စတာကင်တားနား

ဩဂုတ် (၅) ရက်။

လူ့အခွင့်အရေးချိုးဖောက်နေခြင်းများကို စုံစမ်းစစ်ဆေးရန်လာရောက်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ်သစ်၏ ပထမဦးဆုံးသော မြန်မာပြည်တွင်း (၅) ရက်ကြာခရီးစဉ်နှင့်ပတ်သက်၍ (Amnesty International) အဖွဲ့ကြီးက မျှော်လင့်ချက်နည်းပါးကြောင်း ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့က ကြေညာချက်တစောင်ထုတ်ပြန်လိုက်သည်။

လူ့အခွင့်အရေးကိုယ်စားလှယ် ကင်တားနားရောက်ရှိနေချိန်တွင် မြန်မာစစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလွှတ်ပေးခြင်းမရှိဘဲ ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားသည့်အပြင် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍လည်း အနှစ်သာရမရှိသည့် ကတိစကားများသာပေးနေသည့်အပေါ် ကုလသမဂ္ဂအနေနှင့်ဆက်လက် လက်ခံနေရန်မသင့်တော့ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

စစ်အစိုးရအနေနှင့် နိုင်ငံရေးအရပူးပေါင်းဆောင်ရွက်မှုများ တိုးပြီးလုပ်မည်ဟု အကြိမ်ကြိမ်ကတိပေးခဲ့သော်လည်း လက်တွေ့တွင်မူ နိုင်ငံရေးအကျဉ်းသားများကို ဆက်လက်ထိမ်းသိမ်းထားခြင်း၊ ထပ်မံဖမ်းဆီးနေခြင်းနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း အရှိန်မပျက် ဆက်လက်လုပ်ဆောင်လျက်ရှိနေသည်။ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံထားရသော သတင်းစာဆရာကြီး ဦးဝင်းတင်အပါအဝင် အခြားနိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ ချက်ချင်း ပြန်လွှတ်ပေးရန်ကိုလည်း (Amnesty International) အဖွဲ့ကြီးက တောင်းဆိုလိုက်သည်။

AI အဖွဲ့၏ မြန်မာ့အရေးသုတေသနမှူး ဘင်ဂျမင်ဇာဝက်ကီး (Benjamin Zawaki) ကပြီးခဲ့သည့် (၁၀) လအတွင်း မြန်မာနိုင်ငံသို့ သုံးကြိမ်သွားရောက်ခဲ့သည့် မစ္စတာဂမ်ဘာရီအနေနှင့်လည်း တစုံတရာထူးခြားသည့်ရလဒ်ဖြစ်ပေါ်လာစေရန် မလုပ်ဆောင်နိုင်ခဲ့သော်လည်း နောက်တခေါက် မြန်မာနိုင်ငံသို့သွားရောက်သည့်အချိန်တွင် ရလဒ်ကောင်းများ ရရှိနိုင်ရန်မျှော်လင့်ကြောင်း ပြောသည်။

အထူးကိုယ်စားလှယ်သစ် မစ္စတာကင်တားနားသည် သူ၏ခရီးစဉ်ပထမဆုံးနေ့တွင် မြန်မာနိုင်ငံမှ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ ကင်တားနားသည် မြန်မာနိုင်ငံအတွင်း၌ရှိနေစဉ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အခြားနိုင်ငံရေးလှုပ်ရှားနေသည့်အဖွဲ့များဖြစ်ကြသော ဝံသာနုအဖွဲ့၊ (၈၈) မျိုးဆက် ပြည်ထောင်စုမြန်မာနိုင်ငံစသည့်အဖွဲ့များတို့နှင့်လည်း တွေ့ဆုံခဲ့သည်။ တဖွဲ့ချင်းအား သီးသန့်တွေ့ဆုံလိုသည့် ကင်တားနား၏တောင်းဆိုမှုကြောင့် အဖွဲ့တဖွဲ့စီလျှင် တွေ့ဆုံချိန်မှာ (၁၀) မိနစ်ခန့်သာရှိသည့်အတွက် အပြန်အလှန်ဆွေးနွေးရန် အချိန်မရခဲ့ကြကြောင်း အဲန်အယ်လ်ဒီ၏ပြောခွင့်ရဦးဉာဏ်ဝင်းက ပြောဆိုခဲ့သည်။

ထို့အပြင် မစ္စတာကင်တားနားတွေ့ဆုံခဲ့သောအဖွဲ့များမှာလည်း အများအားဖြင့် အစိုးရနှင့်နီးစပ်သော အမျိုးသမီးရေးရာကဲ့သို့အဖွဲ့များဖြစ်နေသည့်အတွက် လူ့အခွင့်အရေးကိုယ်စားလှယ်နှင့်တွေ့ဆုံရန် မျှော်လင့်ထားကြသော နိုင်ငံရေးအင်အားစုများကြားတွင် စိတ်ပျက်နေကြရကြောင်းလည်း ဗွီအိုအေသတင်းတွင်ပါရှိသည်။

သံဃာတော်အဖွဲ့အစည်းများနှင့်တွေ့ဆုံရာတွင်လည်း အစိုးရက တရားဝင်ခန့်အပ်ထားသည့် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများနှင့်သာ တွေ့ဆုံခွင့်ရသည့်အတွက် သံဃာထု၏ မကျေနပ်မှုတို့ကို လူ့အခွင့်အရေးကိုယ်စားလှယ်အနေနှင့်သိခွင့်ရမည်မဟုတ်ကြောင်း သတင်းများတွင်ဖော်ပြထားသည်။

ဗိုမီးအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ပူကျင့်ရှင်းထန်က "လူ့အခွင့်အရေးချိုးဖောက်ခံထားရသူတွေရဲ့အခြေအနေကို လာကြည့်တဲ့သူက အခွင့်အရေးချိုးဖောက်ခံထားရသူတွေနဲ့တွေ့ဖို့က အရေးအကြီးဆုံးလို့မြင်ပါတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ သူတို့က နိုင်ငံတော်အစိုးရရဲ့ အသင့်ပြင်ပြီး သူတို့ပြချင်တဲ့သူ၊ တွေ့စေချင်တဲ့သူနဲ့လောက်ပဲတွေ့တယ်ဆိုတော့ သူ့တာဝန်မကျေဘူးလို့ ကျနော်တော့ ဒီလိုပဲပြောချင်တယ်"ဟု ပြောသည်။

ကင်တားနားသည် ရန်ကုန်၌ရှိနေစဉ် အင်းစိန်အကျဉ်းထောင်အတွင်းသို့သွားရောက်၍ သတင်းစာဆရာကြီး ဦးဝင်းတင်၊ အရှင်ဂမ္ဘီရ၊ မစုစုနွေးတို့အပါအဝင် အကျဉ်းကျ (၅) ဦးတို့နှင့်လည်း တွေ့ဆုံခဲ့သည်။ ❖

# မြန်မာနိုင်ငံတွင်အိတ်ချ်အိုင်ဗွီကူးစက်ရောဂါကြောင့် လူဦးရေ (၁၀၀၀) တွင် (၇) ဦးသေဆုံး



ဒေါက်တာစန်ဂန်

မြန်မာနိုင်ငံတွင်း ကိုယ်ခန္ဓာခုခံအားကျဆင်းမှုရောဂါဖြစ်သည့် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုအရေအတွက်သည် ယခုအခါတွင် သိသိသာသာလျော့နည်းကျဆင်းသွားခဲ့ပြီဖြစ်သော်လည်း လူဦးရေ (၁) ထောင်တွင် (၇) ဦး ခန့် ကူးစက်ခံနေရဆဲဖြစ်ကြောင်း ကုလသမဂ္ဂ (UNAIDS) အဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာအစီအရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၀၁ ခုနှစ်တွင် အိတ်ချ်အိုင်ဗွီကူးစက်ခံနေရသည့် အရွယ်ရောက်သူနှင့် ကလေးဦးရေသည် သုံးသိန်း (၃၀၀,၀၀၀) ခန့်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် နှစ်သိန်းလေးသောင်း (၂၄၀,၀၀၀) ခန့်သာရှိတော့သည်ဟု အဆိုပါအစီအရင်ခံစာတွင် ဖော်ပြထားသည်။

ဘန်ကောက်မြို့ရှိ နိုင်ငံခြားသတင်းထောက်များအသင်းတွင်ကျင်းပပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ယူအဲန်အေ့ဒ်စ်အဖွဲ့၏ ဒေသတွင်းအစီအစဉ်အကြံပေးပုဂ္ဂိုလ်ဖြစ်သည့် ဒေါက်တာစန်ဂန်က ယင်းသို့ကျဆင်းသွားရခြင်းသည် ကိုယ်ဝန်ဆောင်မိခင်များ၌ ကူးစက်မှုရောဂါကျဆင်းသွားသည့်အတွက်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

အိတ်ချ်အိုင်ဗွီကူးစက်ရောဂါပိုးသည်များသောအားဖြင့် ကိုယ်ဝန်ဆောင်မိခင်များတွင်သာ သိသိသာသာ ကျဆင်းသွားခြင်းဖြစ်ကြောင်း ဆေးခန်းများမှရရှိသည့် စာရင်းများအရသိရကြောင်း ဒေါက်တာစန်ဂန်က ပြောသည်။ သို့သော် ထိုင်းနိုင်ငံအပါအဝင် မြန်မာနိုင်ငံသည် ဒေသတွင်းတွင် အိတ်ချ်အိုင်ဗွီကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်လျက်ရှိနေသေးကြောင်းလည်း ဆက်လက်ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံတွင် စာရင်းများအရ အသက် (၁၅) နှစ်နှင့် (၂၄) နှစ်ကြားရှိ အမျိုးသမီး (၁) ထောင်တွင် (၆) ဦးနှင့် အမျိုးသား (၁) ထောင်တွင် (၇) ဦးနှုန်းဖြစ်ပွားလျက်ရှိနေပြီး ၂၀၀၇ ခုနှစ်စာရင်းများအရ အိတ်ချ်အိုင်ဗွီကြောင့် သေဆုံးသူဦးရေမှာ (၂၄,၀၀၀) ဦးရှိကြောင်းလည်း သိရသည်။

အာရှဒေသတခုလုံးတွင် အိတ်ချ်အိုင်ဗွီကူးစက်ခံနေရသူပေါင်း (၅) သန်းရှိပြီး တကမ္ဘာလုံးတွင် (၃၃) သန်းရှိကြောင်း၊ ယူအဲန်အေ့ဒ်စ်အစီအရင်ခံစာတွင် ဖော်ပြထားသည်။



# ကုလသမဂ္ဂအထူးကိုယ်စားလှယ်မြန်မာနိုင်ငံခရီးစဉ်အား ဒီမိုကရေစီအင်အားစုများက မျှော်လင့်ချက်သိပ်မထား

ဩဂုတ်လ (၁၆) ရက်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးသည် ဩဂုတ်လ (၁၈) ရက်နေ့မှစ၍ မြန်မာနိုင်ငံအတွင်း (၅) ရက်ကြာနေထိုင်စဉ်အတွင်း နိုင်ငံရေးအင်အားစုအားလုံးနှင့်တွေ့ဆုံခွင့်ရရန်မျှော်လင့်ကြောင်း ၎င်း၏ပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး မစ္စတာအီဘရာဟင်ဂမ်ဘာရီ၏ ပြောခွင့်ရပုဂ္ဂိုလ် မစ္စဟွာကျင်းက "ပြီးခဲ့တဲ့မြန်မာနိုင်ငံခရီးစဉ်တိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ရော စစ်အစိုးရထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ပါ ပုံမှန်တွေ့လေ့ရှိပါတယ်။ အခုတခေါက်မှာလည်း ဒီလူတွေအားလုံးနဲ့ ဆက်ပြီးတွေ့ဆုံဆွေးနွေးနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု ပြောသည်။



ကုလအထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီ

မစ္စတာဂမ်ဘာရီ၏ ယခုခရီးစဉ်မတိုင်မီတွင် (၉၀) ခုနှစ်ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅) ဦးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ ရေးသားထားသောစာတစောင်ကို လက်မှတ်ရေးထိုးပေးပို့ခဲ့ပြီး ယခုအခါတွင် ထိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ စစ်အုပ်စု၏ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံနေရသည်။

မစ္စဟွာကျင်းက "ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ကြိုးပမ်းဆောင်ရွက်နေတဲ့အထဲမှာ မြန်မာနိုင်ငံသားတိုင်း မိမိတို့ဆန္ဒသဘောထားကို လွတ်လွတ်လပ်လပ်ငြိမ်းချမ်းစွာ ထုတ်ဖော်နိုင်ခွင့်ရှိဖို့ဆိုတာ ရည်ရွယ်ချက်တခုပါရှိပါတယ်။ အခု ဒီလူတွေဖမ်းဆီးခံရတဲ့ကိစ္စကိုလည်း တရားဝင်အတည်ပြုချက်ရထားပါပြီ။ မစ္စတာဂမ်ဘာရီအနေနဲ့ မြန်မာအာဏာပိုင်တွေနဲ့ တွေ့ဆုံတိုင်းမှာလည်း နိုင်ငံရေးအကျဉ်းသားကိစ္စဟာ ဆွေးနွေးပွဲရဲ့ အကြောင်းအရာတခုဖြစ်ပါတယ်"ဟု ပြောသည်။

မစ္စတာဂမ်ဘာရီ၏ မြန်မာပြည်ခရီးစဉ်နှင့်ပတ်သက်၍ မြန်မာ့ဒီမိုကရေစီအင်အားစု၏ အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်က "တခုခုဆိုရင် ကုလသမဂ္ဂကိုယ်တိုင်ကိုက ၂၀၁၀ ရွေးကောက်ပွဲကိုပဲ လွတ်လပ်ပြီးတရားမျှတမှုဖြစ်အောင်ပြောနေတဲ့လွဲမှားတဲ့ သတင်းပေးမှုမျိုးတွေ မဖြစ်စေချင်ဘူး။ ပြောချင်တာက မြန်မာပြည်မှာ နိုင်ငံရေးအကျဉ်းသားတွေရှိနေသရွေ့ ဘယ်လိုမှ တရားမျှတတဲ့ ရွေးကောက်ပွဲမဖြစ်နိုင်ဘူး။ ၉၀ ရွေးကောက်ပွဲရလဒ်ကို နည်းလမ်းရှာမပေးသရွေ့ ဘယ်လိုမှ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုအခြေခံတဲ့၊ ဒီမိုကရေစီရေးကို ဖြစ်တဲ့ဟာမျိုး ဖြစ်လာနိုင်မှာမဟုတ်ဘူး။ အဲတော့ အပေါ်ယံကြော ယာယီဖြစ်တဲ့ဟာမျိုးတွေထက် သေသေချာချာ ခိုင်ခိုင်မာမာနဲ့ သွားနိုင်တဲ့ဟာမျိုးဖြစ်အောင် လုပ်နိုင်ဖို့အတွက် မစ္စတာဂမ်ဘာရီမှာ တာဝန်ရှိတယ်"

ဆက်လက်၍ လက်ရှိအနေအထားတွင် တွေ့ဆုံဆွေးနွေးရေးကိုလိုလားသူ ဒီမိုကရေစီရေးလှုပ်ရှားသူများသာလျှင် ဖိအားအပေးခံရသကဲ့သို့ဖြစ်နေကြောင်း၊ မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်များမှအပြန်တွင် အတိုက်အခံအုပ်စုကိုသာလျှင် စစ်အုပ်စုက လုပ်သမျှလက်ခံခိုင်းနေခြင်းများနှင့် ကုလသမဂ္ဂကိုယ်တိုင်ကပင်လျှင် အတိုက်အခံအင်အားစုများ စိတ်ကျေနပ်စွာ ပါဝင်ခွင့်ရအောင်လုပ်ခြင်းမျိုးမဟုတ်ဘဲ အတင်းဖိအားပေးလျက် နအဖအလိုကျပုံစံဖြစ်အောင်လုပ်နေသည့်သဘောမျိုး ပိုဖြစ်နေကြောင်း ဒေါက်တာနိုင်အောင်က အာရ်အက်ဖ်အေသို့ပြောကြားခဲ့သည်။